# တေဇ ရုပ်စုံ

အတွဲ (၃၅)၊ အမှတ် (၉)၊ ၂၀၂၄ ခုနှစ်၊ မတ်လ




မြဝတီ

စာပေတိုက်ထုတ်

မဂ္ဂဇင်း၊ စာစောင်များ

လပေးမှာယူဖတ်ရှုနိုင်ပြီ







မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး – မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၄၂၁၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။










## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and looting under the pretext of sayings "for the people".

2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.

3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆(စာ
၀၉၄၂၀၀၆၇၄၁၀(အွန်လိုင်းဖြန့်ချိရေး)။



# မာတိကာ



| | | |
|---|---|---|
| ငွေးကြည်(စလင်း) | ဘော်ကြိုပွဲ | ၂ |
| ထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်) | ဘုရင်ကြီးနှင့်ကြွက်များ | ၃ |
| ယင်းမာ | လက်ပံပွင့်ကောက် အရောက်လာမယ် | ၉ |
| ရေနံ့သာမောင်ကျော်ညွန့် | ဆရာလုပ်တဲ့သူ | ၁၅ |
| မောင်ဖျော်(ပေတစ်ပင်) | လောကကောင်းကျိုး သယ်ပိုးနိုင်ကြပါစေ | ၁၄ |
| စိုးစံ | နောင်တ | ၁၉ |
| ဇော်မြင့်နီ | တေဇတို့ရွတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ(၁၁) | ၂၅ |
| တင်လင်းဇော် | မြန်မာဝေါဟာရကဗျာများ | ၂၈ |
| ဆလိုင်းခန့်ကျော်စွာ | ဖွဲကိုရင်းလျှင် အောင်ပွဲဆင် | ၂၉ |
| မဖူးဖူး | သချာညက်ရည် | ၃၂ |
| ဒေါက်တာသန့်စင်(ရူပဗေဒ) | အလင်း (Light)အကြောင်း သိကောင်းစရာ | ၃၃ |
| သန့်သူရ | နိုင်ငံတကာအထိ ကျော်ကြားလာတဲ့ အသက် ၁၄ နှစ်အရွယ် မော်ဒယ် Oh Pycong Hwa | ၃၆ |
| မြရတီ(ဒဿနိက) | ဆယ်ဆတိုးတဲ့ကြွေအိုးကြီး | ၃၇ |
| အောင်အောင်ထွေး | မြွေပါလည်းဆုံး၊ သားလည်းဆုံး | ၄၁ |
| မွှေး | ရှာမယ်၊ ဖြည့်မယ် | အချပ်ပို(၁) |
| နောင်တေဇ | ဝက်ပါလမ်း | အချပ်ပို(၂) |
| TTL | တီတီလေးနဲ့ပုံဆွဲမယ် | အချပ်ပို(၃) |
| တေဇမျက်နှာဖုံး | ဦးကြယ် | |




တေဇရုပ်စုံအယ်ဒီတာအဖွဲ့
မိုးကောင်းလမ်း။
မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း ၀၉၄၀၃၂၅၈၄၅၁(စာတည်း)
၀၉၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
Email-tayzabooklet99@gmail.com
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - ၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ်
၀၀၈၁၃



စာတည်းမှူးချုပ်
နေနိုင်သူ
ဒုတိယစာတည်းမှူးချုပ်
မြင့်နိုင်
စာတည်းမှူး
ဇော်သိန်းဝင်း
တာဝန်ခံစာတည်း
ပုလောစိုးနှံ့သာ
လက်ထောက်စာတည်း
မေမြင့်မိုးအောင်
တစီနှင့်ဒီဇိုင်း
မြမြ
စာပြင်
အရေးရှိး အိအိကျော်
design yin htwe




# ဘော်ကြိုပွဲ

ဘော်ကြိုပွဲ ဘော်ကြိုပွဲ
ရှမ်းပြည်နယ်က ဘော်ကြိုပွဲ။

တပေါင်းလထဲ ပြုလုပ်ပေ
စည်ကားသိုက်မြိုက်နှစ်စဉ်လေ။

ဘုရားဖူးတွေ ရောက်လာကြ
တိုင်းရင်းသားတွေ စုံလင်လှ။

နွယ်ပလိုင်းနဲ့ လွယ်သိုင်းကာ
ရှမ်းမလေးတွေ ချောလှတာ။

ရိုးရာပွဲမှာ နွဲ့လိုက်စမ်း
ရှမ်းအိုးစည်သံ ဗေထုံလွှမ်း။

ပွဲဈေးတန်းထဲ လျှောက်လည်ပါ
ရိုးရာစလေ့ စုံလှတာ။

ရှမ်းပြည်ရှမ်းရွာ နယ်တစ်ကြော
ရောင်းသူဝယ်သူ လှိုင်လှိုင်ပေါ။

တောတောင်များနဲ့ သာယာသည်
ရိုးမပန်းချီ မှန်ပြာရီ။


ဒုဋ္ဌဝတီ ရေကြည်ပေါက်
တစ်ကြိမ်တစ်ခါ ယူလို့သောက်
နောက်ထပ်ဆယ်ခါ ထပ်လို့ရောက်။ ။


ဌေးကြည်(စလင်း)





ဘုရင်ကြီး နဲ့ ကြွက်များ
ဇာတ်လမ်း၊ မောင်ပေါ်လူ
သရုပ်ဖော်၊
The King and the rats
Story: Maung Paw Lu
Illustration: Tun Tun Win
(Yangon University)
Tr: BMK
တစ်ခါတုန်းကတိုင်းပြည် တစ်ပြည်မှာဒိန်ခဲကြိုက်တဲ့ ဘုရင်ကြီးတစ်ပါးရှိတယ်...
Once upon a time, there was a king in a country and he liked cheese.
ဘုရင်ကြီးအတွက်စားဖိုမှူး တွေက ဒိန်ခဲအများကြီး ပြုလုပ်ပေးရတယ်...
The chef had to make a lot of cheese for the king.


ဘုရင်ကြီးစားပြီးလို့ကျန်တဲ့ဒိန်ခဲ
တွေကိုစားသောက်တဲ့ကြွက်တွေ
ကလဲနန်းတွင်းမှာများလာတယ်...
After the king had eaten the cheese, there were more rats that ate the remaining cheese.
မင်းချင်းများ...ကြွက်တွေနှိမ်နင်း
နိုင်ဖို့နည်းလမ်းကိုရှာပါအုံး...
"Ministers, find the ways to get rid of the rats."
ပညာရှိအမတ်ကြီးက...
The wise minister said,
မှန်လှပါ...ကြောင်တွေ
မွေးကြည့်ပါ...
"Right Your Majesty, raise the cats."
ကြွက်များထွက်ပြေးကုန်
ပါလိမ့်မယ်ဘုရား...
"The rats will run away."
အမတ်ကြီးရဲ့အကြံပေးချက်အ
တိုင်းကြောင်တွေမွေးလိုက်တဲ့အခါ
ကြွက်တွေထွက်ပြေးကုန်တယ်...
According to the suggestion of the minister, when the cats were raised, the rats ran away.
ဒါပေမဲ့...နန်းတော်တစ်ခွင်လုံး
ကြောင်ချေးတွေနဲ့ညစ်ပတ်နေ
တော့ဘုရင်ကြီးက...
But, the dung of the cats was scattered throughout the palace.
ဟင်...
"Hum!"


ကြောင်တွေကိုငါကိုယ်တော် မနှစ်သက်ဘူး...ကြောင်တွေ ပြေးအောင်ဘယ်လိုလုပ်ရမလဲ...
"I don't like the cats. How will you make the cats run?"
ပညာရှိအမတ်ကြီးက...
The wise minister said,
မှန်လှပါ...ခွေးတွေမွေးကြည့်ပါ။ ကြောင်များထွက်ပြေးကုန်ပါလိမ့် မယ်ဘုရား...
"Raise the dogs. The cats will run away."
ခွေးတွေမွေးလိုက်တဲ့အခါကြောင် တွေတော့ထွက်ပြေးသွားတယ်... ဒါပေမဲ့ညဘက်ခွေးတွေအူသံ ကြောင့်ဘုရင်ကြီးမှာ စက်မရဖြစ် နေတယ်...
When the dogs were raised, the cats will run away. But, due to the sound of the dogs howling at night, the king could not sleep.
သည်တော့...
So,
ခွေးတွေကိုငါကိုယ်တော် မနှစ်သက်ဘူး...ခွေးတွေ ပြေးအောင်ဘယ်လိုလုပ် ရမလဲ...
"I dislike the dogs. How will you make the dogs run away?"
ပညာရှိအမတ်ကြီးကခွေးတွေပြေးအောင် ခြင်္သေ့တွေမွေးခိုင်းတယ်...
The wise minister told the king to raise the lions so that the dogs would run away.


ခြင်္သေ့တွေကြောင့်ခွေးတွေထွက်ပြေးကုန်တယ်...
Because of the lions, the dogs ran away.
ဝေါင်း...
ဒါပေမဲ့...ဘုရင်ကြီးက...
But, the king said,
ငါခြင်္သေ့တွေကိုကြောက်နေရတယ်...
"I'm afraid of lions."
ခွေးတွေကမှတော်သေးတယ်...
"Dogs are better."



ပညာရှိအမတ်ကြီးကခြင်္သေ့တွေပြေး
အောင်ဆင်တွေကိုခေါ်သွင်းစေတယ်...
The wise minister took the elephants so that the lions would run away.
ခြင်္သေ့တွေကဆင်တွေကိုကြောက်
ပြီးထွက်ပြေးကုန်တယ်...
As the lions were afraid of the elephants, they ran away.
ဒါပေမဲ့...ဘုရင်ကြီးက...
But, the king said,
ငါ ဆင်တွေကိုမလိုချင်
ဘူး...သူတို့ကိုမောင်း
ထုတ်ပေးပါ...
"I don't want the elephants. Drive them away."
အမတ်ကြီးက...
The minister said,
အရှင်မင်းကြီး...ကြွက်တွေ
ကိုသာနန်းတော်ထဲပြန်
ခေါ်လိုက်ပါ...
"Your Majesty, please allow to take the rats to the palace again."


ကြွက်တွေဟာနန်းတော်ထဲပြန်ရောက်လာတဲ့အခါမှာဆင်တွေရဲ့နှာမောင်းတွေထဲ...
When the rats came back, they entered the elephants' trunks.....
နားရွက်ထဲကိုဝင်ကြတယ်...
And they also entered the elephants' ears.
ဆင်တွေလဲယားယံပြီးထွက်ပြေးကြတယ်...
The elephants were so itchy that they ran away.
အဲဒီတော့ဘုရင်ကြီးက...
Then, the king said,
ကြွက်တွေကိုနန်းတော်ထဲမှာနေခွင့်ပေးလိုက်တော့...ဒိန်ခဲတွေလဲစားပါစေ...
"Let the rats stay in the palace and eat the cheese."
ဒါပေမဲ့...အများကြီးတော့မစားစေနဲ့...နည်းနည်းပါးပါးပဲစားပါစေ...
"But don't let them eat so much Let them eat a little."
အဲဒီနောက်မှာတော့ဘုရင်ကြီးရော နန်းတွင်းသားတွေရောမှူးမတ်တွေပါ ပျော်ရွှင်သွားတော့တယ်...။
After that, not only the king but also the courtiers were happy.
ပြီး
END

တေဇဝတ္ထုတို

# လက်ပံပွင့်ကောက် အရောက်လာမယ်

ယင်းမာ



တပေါင်းလရာသီသည် ကျောင်းတွေပိတ်သော ရာသီဟု မိယမုံတို့ အကြမ်းဖျင်းမှတ်ထားသည်။ ဒီအချိန်တွင် ရွာပြင်ရှိ လက်ပံပင်ကြီးတွင် အပွင့်နီတာရဲ လက်ပံပွင့်တွေ ပွင့်နေပြီ။ ပေါက်ပန်းနီနီလက်ကျန်တွေလည်း မြင်နိုင်သေးသည်။ ဘာပဲဖြစ်ဖြစ် ယမုံကတော့ ပေါက်ပန်းနီနီတွေကို

လည်း ချစ်သည်။ လက်ပံရဲရဲတွေကိုလည်း ချစ်သည်။ ယမုံတို့ရွာတောင်ဘက်တွင် လက်ပံပင်ကြီးတစ်ပင်ရှိသည်။ ထိုလက်ပံပင်ကြီးပွင့်ပြီဆိုလျှင် ယမုံတို့ကလေးများအလွန်ပျော်ကြသည်။ တောင်းကိုယ်စီအိတ်ကိုယ်စီနှင့် ထိုအပင်ကြီးဆီသို့ လက်ပံပွင့်ကောက်ထွက်ကြသည်။ တစ်ပင်လုံးရဲရဲနီနေသောလက်ပံပင်ကြီးပေါ်တွင် ဆက်ရက်ကလေးများကလည်း ဆူဆူညံညံအော်ဟစ်နေသည်။ အောက်မှ လက်ပံပွင့်ကောက်နေသော ယမုံတို့ကလေးတစ်သိုက်၏အသံမှာလည်း ဆူညံလွန်းလှသည် မဟုတ်လား။ ရသည့်သီချင်း၊ ကဗျာများကို အော်ဟစ်ဆိုသူကဆို၊ ကြည့်ဖူးသောဇာတ်ကားများအကြောင်း ပြောသူကပြောနှင့် မမောနိုင်မပန်းနိုင်ကြ။

လက်ပံပွင့်ကောက်ရင်းနှင့် ကျောင်းကပွဲတွင် ကခဲ့ရသော လက်ပံပွင့်ကောက်ယိမ်းကို ပြေး၍အမှတ်ရမိပြန်သည်။ တူညီမြန်မာဝတ်စုံ၊ ကြက်တောင်စည်းလေးများစည်း၊ ပါးကွက်ကျားလေးများကိုယ်စီကွက်၍ ခြင်းကလေးများကိုင်ကာ ကခဲ့ရသော လက်ပံပွင့်ကောက်သီချင်းလေးကို အပြေးအလွှားသတိရရင်းလွမ်းမိသည်။ လွမ်းမိပြန်တော့ ထိုသီချင်းလေးက ပါးစပ်ဖျားသို့ရောက်လာကာ သီဆိုမိပြန်သည်။

"နွေမိန်တပေါင်း× × × နေရှိန်လောင်း× × × ရွက်ဟောင်းကြွေကျ မြေခဲ့ပြီကွယ်× × × လေရှူးသုန်သုန် × × × မြူမှုန်လွင့်ပါး × × × စပါးပြန့်ပြူးရာသီဦးဝယ် × × × ကြည်နူးစရာ တို့ရွာဖျားတွင် × × × ကြီးမားပင်စည်ပွင့်နီလက်ပံ ဝဲပျံမြေပေါ်× × × လျှောင်းစက်ပျော်တယ်"

"အဲဒီသီချင်းကိုကြားတော့ တို့ကခဲ့ရတဲ့အချိန်တွေကို ပြန်သတိရလိုက်တာဟယ်"

"အေးနော်...တို့တွေ ယိမ်းအကညီအောင် ဆရာမချော ချွေးတွေကိုပြန်နေအောင် သင်ပေးရရှာတာ"

"အေးဟယ်...ပြောရင်းနဲ့ ဆရာမကိုတောင် လွမ်းလာပြီ"

ပါးစပ်ကလည်းပြော လက်ကလည်း ကြွေလွင့်ဝဲပျံလာသည့် လက်ပံပွင့်များကို လိုက်ဖမ်းသူကဖမ်းနှင့် သက်ဝင်လှုပ်ရှားနေကြသည်။

"ယမုံရေ...နင်တို့စိုက်ခင်း အာလူးဖော်ပြီးပြီလား"

"ဟင့်အင်း မဖော်ရသေးဘူး၊ နည်းနည်းနုသေးလို့တဲ့ဟ"

"နင် အာလူးခင်းစောင့်သွားရင် ငါ့ကိုလှမ်းခေါ်အုံးနော်၊ နင်တို့စိုက်ခင်းနဲ့ ငါတို့စိုက်ခင်းက စိုးမြင့်တို့ စိုက်ခင်းတစ်ခင်းပဲခြားတာ"

"အေးပါဟယ် ငါသိပါတယ်၊ မနက်ဖြန်တော့ ငါ့အစ်ကိုမအားရင် ငါ သွားစောင့်ရမှာ နင်လိုက်မှာလား"

"လိုက်မှာပေါ့ဟဲ့၊ အာလူးခင်းစောင့်ရတာပျော်တယ်"

"ဟော့...ကောင်မလေးတွေ နင်တို့တောင်းတွေ မပြည့်သေးဘူးလား"

ကျော်တိုးသည် ယမုံတို့တောင်းတွေ မပြည့်သေးဘူးလားဟုမေးကာ ယမုံတို့ကောက်ထားသောလက်ပံပွင့်များကို နှိုက်ယူဖို့ပြင်နေသည်။

"အမယ်...မပေးပါဘူးနော်၊ ကိုယ့်ဘာသာကိုယ်လိုချင်ရင် ကိုယ့်ဘာသာကိုယ် လိုက်ကောက်ပါလား"

ယမုံသည် တောင်းကိုဆတ်ခနဲဆွဲယူကာ ကျော်တိုးကို ပြန်ပြောလိုက်သည်။

"နင် အသာတကြည်မပေးရင် ငါ လုမှာနော်"

"လုရဲလုကြည့်ပါလား၊ ငါကလဲ ငြိမ်ခံမနေပါဘူးနော်"

ယမုံသည် ပြောပြောဆိုဆိုနှင့် မတ်တတ်ရပ်ကာ အင်္ကျီလက်မောင်းများကို မတင်လိုက်သည်။ ထိုအခြေအနေကိုကြည့်၍ ပပမှာ မျက်နှာပျက်နေသည်။ ကျော်တိုးမှာ လူကောင်ထွားသဖြင့် သူ့ထက်ငယ်သူများကို နိုင်စားနေကျဖြစ်သည်။ ခါတိုင်းနေ့များဆိုလျှင် ပပတို့ကလေးများမှာ လက်ပံပွင့်များကို ကြိုးစားပမ်းစားကောက်ကြသော်လည်း ကျော်တိုးမှာ အဖော်များနှင့် ဖိနပ်ပစ်နေသည်။ သူပြန်

ခါနီးဆိုလျှင် အငယ်များကောက်ထားသော လက်ပံပွင့်များကို မိုက်ကြေးခွဲလာယူလေ့ရှိသည်။ အငယ်များကလည်း ကြောက်တော့ အမြဲပေးနေရသည်။ ထိုအထဲတွင် ပပလည်းပါသည်။ ယမုံမှာ ခါတိုင်းနေ့များက လက်ပံပွင့်ကောက် မလိုက်သေး။ ဒီနေ့မှလိုက်လာသဖြင့် ကျော်တိုးအကြောင်းကို မသိသေးခြင်းပဲဖြစ်သည်။

ယမုံက အကျီလက်များကို ပင့်တင်နေသောအခါ ကျော်တိုးကလည်း ရှေ့ကိုတိုးလာလေသည်။ ထိုအခြေအနေကိုကြည့်၍ ပပမှာ ချွေးပြန်နေပြီ။

"ကျော်တိုးရယ် ငါ့တောင်းထဲက ယူလိုက်ပါ"

"အို...ပပတောင်းထဲကလဲ မယူရပါဘူးနော်"

"ယူမှာပဲ ပပတောင်းထဲကလဲယူမယ်၊ နင့်တောင်းထဲကလဲ ယူမယ်၊ ကျန်တဲ့သူတွေတောင်းထဲကလဲယူမယ်"

"ယူရဲယူကြည့်လေ ငါက ငြိမ်ခံနေမှာမဟုတ်ဘူး"

ယမုံသည် သတ္တိရှိရှိ ကျော်တိုးကိုရင်ဆိုင်လိုက်သည်။ ယမုံက သူ့ကိုမကြောက်ဘဲ ပြန်ခံပြောနေသောအခါ ကျော်တိုးမှာ အနည်းငယ်ရှိန်သွားသည်။

"ဟုတ်တယ်၊ မမယမုံလိုပဲ ကျွန်တော်တို့လဲ ကျွန်တော်တို့ကောက်ထားတာတွေ ကိုကြီးကျော်တိုးကို မပေးနိုင်ဘူး"

"ဟုတ်တယ်၊ ညီမလေးတို့လဲ မပေးတော့ဘူး၊ ကိုကြီးလိုချင်ရင် ကိုယ့်ဘာသာကိုယ်ကောက်"

ယမုံ့အနီးသို့ လက်ပံပွင့်ကောက်နေသော ကလေးများအားလုံး စုပြုံရောက်လာကြသည်။ ပပလည်း ထလာသည်။ ကလေးများအားလုံးမှာ အံကိုကြိတ်၍ လက်သီးများပင်ဆုပ်ထားကြသည်။ ထိုအခြေအနေကိုမြင်သောအခါ ကျော်တိုးမှာ မည်သူ့ဆီကမှ လက်ပံပွင့်များ မယူရဲတော့ဘဲ မကျေမနပ်နှင့် ပြန်ရန်ပြင်တော့သည်။

"ဒီမှာ ကျော်တိုး နင်က နေမကောင်းလို့ပဲဖြစ်ဖြစ် တစ်ခုခုကြောင့် လက်ပံပွင့်မကောက်နိုင်ခဲ့လို့ ငါတို့တွေက ဝိုင်းကောက်ပေးရတယ်ဆိုရင် ထားတော့ ကျေနပ်တယ်၊ အခုဟာက နင်ကတော့ ကစားနေပြီး သူများကောက်ထားတာကို ဗလအားကိုးနဲ့အနိုင်ကျင့်ပြီး လုယူတာတော့ ငါက မခံဘူး"

"ဒီမှာအငယ်တွေလဲပြောထားမယ်၊ နောက်နေ့တွေလဲ မမယမုံ မလာလို့ ကျော်တိုးကအနိုင်ကျင့်ရင် အားလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းပြီး သူ့အနိုင်ကျင့်မှုကို ခုခံရမယ်"

ယမုံ ကျော်တိုးကိုလည်းပြောရင်း ကျန်အငယ်တွေကိုပါမှာနေသည်။

"နောက်နေ့ကျရင် ကျွန်တော်တို့ ခေါင်းငုံ့မခံတော့ဘူးမမ"

လက်ပံပွင့်ကောက်နေသော ကလေးများဆီမှ တညီတညွတ်တည်း အသံထွက်လာသည်။ အသံမှာကျယ်လောင်လွန်းသဖြင့် လက်ပံပင်ပေါ်မှဆူညံနေသော ဆက်ရက်ငှက်တို့၏သံများပင် ခေတ္တတိတ်ဆိတ်သွားသည်။ ကလေးများ၏ ညီညီညွတ်ညွတ်နှင့် တွန်းလှန်မှုကြောင့် ဗလအားကိုးနှင့် အမြဲအနိုင်ကျင့်ဗိုလ်ကျနေသော ကျော်တိုးတစ်ယောက် နောက်ဆုတ်ကာ အိမ်သို့ပြန်သွားလေသည်။ ကျော်တိုးပြန်သွားမှ ပပသည် ယမုံကို-

"ယမုံရယ်... ငါဖြင့် နင်နဲ့ ကျော်တိုး ရန်ဖြစ်မလားလို့ ရင်တထိတ်ထိတ်နဲ့"

"ကျော်တိုးက ဗလအားကိုးပြီး ကျယ်နေတာပါ ပပရယ်၊ တကယ်တမ်း သတ္တိမရှိပါဘူး၊ သူဘယ်လောက်ပဲ ဗလကြီးကြီး တို့တွေအားလုံး ညီညွတ်နေရင် သူ အနိုင်မကျင့်ရဲပါဘူးဟယ်"

"အေးပါဟယ်...အေးပါ"

ကောက်ပြီးသားလက်ပံပွင့်များ များလာသောအခါ ယမုံတို့ကလေးများသည် အပင်အောက်မှာ ထိုင်၍ လက်ပံပွင့်ဖတ်များကို ခြွေကြသည်။ အားလုံးခြွေပြီးကာမှ တောင်းများ၊ အိတ်များနှင့်ထည့်ကာ အိမ်သို့ပြန်လာခဲ့ကြသည်။

❑

"ပပရေ...အာလူးခင်းစောင့်

သွားကြမယ်ဟေ့"

"လာပြီ ယမုံရေ...ထမင်း ထုပ်ထည့်ခဲ့တာလား"

"အေးဟေ့...စိုက်ခင်းထဲကျ မှ စားကြမယ်"

ယမုံတို့ကလေးများ စိုက်ခင်း စောင့်ရောက်မှ စိုက်ခင်းတွင် စောင့် အိပ်နေသော လူကြီးများပြန်ရမည် ဖြစ်သဖြင့် မနက်ခပ်စောစောပဲ အိမ် မှထွက်ကြခြင်းဖြစ်သည်။ အိမ်မှ စောစောထွက်ကြသဖြင့် မနက်ခင်း ထမင်းကြမ်းကို အိမ်မှာမစားဘဲ တောရောက်မှစားဖြစ်ကြသည်။ တောဟုဆိုသော်လည်း ယာခင်း မဟုတ်၊ ချောင်းသဲပြင်တွင် ထွန် ယက်စိုက်ပျိုးသော စိုက်ခင်းများ ဖြစ်သည်။ ချောင်းသဲပြင်တွင် မိုး ကုန်၍ ချောင်းရေကျသွားပြီဆို လျှင် ချောင်းသဲပြင်ကိုထွန်ယက်ကာ မြေဆီမြေသြဇာများထည့်၍ အာလူး နှင့်ကြက်သွန်ကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ဘူး၊ ဖရုံ၊ ပဲ၊ ခရမ်းချဉ်၊ ချဉ်ပေါင်ပင်တို့ကို အာလူး နှင့်ကြက်သွန်တို့ ဖော်ပြီးချိန်တွင် ခူးဆွတ်ရောင်းစားရန်အတွက် အာလူး ခင်းနှင့် ကြက်သွန်ခင်းများအတွင်း တွင် အရန်သီးနှံအဖြစ် စိုက်ပျိုးလေ့ ရှိကြသည်။ ထိုသီးနှံခင်းများဖြစ် ထွန်းချိန်၊ တူးဖော်ချိန်၊ ခူးဆွတ်ချိန် သည် နွေရာသီကျောင်းပိတ်ရက် ဖြစ်သဖြင့် ယမုံတို့ကလေးများမှာ စိုက်ခင်းစောင့်ပေးခြင်းဖြင့် မိဘ များကို ကူညီလေ့ရှိကြသည်။ ထို့ ပြင် အာလူးဖော်ပြီးသောစိုက်ခင်း များတွင်လည်း အာလူးကောက် သင်းကောက်လေ့ရှိကြသည်။

❑

"ယမုံရေ...ချောင်းထဲမှာ ငါး လေးတွေသေနေတယ်"

"ဟယ်...ဟုတ်လား"

ယမုံနှင့်ပပသည် နေ့လယ်ခင်း ထမင်းစားပြီး ချောင်းဘက်သို့ ထမင်းပန်းကန်ဆေးဖို့ထွက်ရင်း ရေသောက်ရန် လက်ယက်တွင်း တူးဖို့ထွက်လာခဲ့ကြသည်။ ပပက ရေဆာသည်ဟုဆိုကာ ရှေ့မှဦးစွာ ထွက်သွားသဖြင့် ချောင်းစပ်သို့ အရင်ရောက်နှင့်နေသည်။ ယမုံ လည်း ပပအသံကြားသောအခါ ချောင်းစပ်ဆီသို့ အပြေးသွားကြည့် မိသည်။ 'တပေါင်းနေ ချောင်းရေ ကိုငုံ့အသောက်'ဟု ယမုံ့အစ်ကို ရွတ်သည့်ကဗျာကို ယမုံကြားဖူး သည်။ အမှန်ပဲ။ တပေါင်းနေသည် ချောင်းရေကို ငုံ့သောက်ခဲ့ဟန်တူ ပါသည်။ ဒီအချိန်တွင် ယမုံတို့ ရွာယမားချောင်းသည် ခန်းလုနီးပါး ရေများအတော်နည်းသွားချိန်ဖြစ် သည်။ ရေနည်းသည့်အချိန် နေက ပြင်းပြင်းတောက်တောက်ပူချိန်၊ ထိုအချိန်အခါမျိုးတွင် ချောင်းထဲ တွင်ရှိသော ငါးကလေးများမှာ ပူပြင်းလွန်းသောရေအရှိန်ကြောင့် သေသည့်ငါးကလည်း သေကြ သည်။ မသေလျှင်လည်း မိန်းမူး ကာ မလှုပ်နိုင်ဘဲ ရေနည်းလွန်းသည့် ချောင်းရေထဲတွင် မျောပါနေကြ သည်။ ထိုငါးများကို စိုက်ခင်းစောင့် သောကလေးများက အသာလေး လိုက်ကောက်ယူလေ့ရှိကြသည်။

"ဟယ်...ကြည့်ပါအုံး ပပ ရယ် ငါးလေးတွေသနားစရာ၊ တချို့ လဲ မသေကြရှာသေးဘူး"

"အေးနော်... သူတို့တွေ ဘယ်လောက်ပူလိုက်မလဲလို့၊ တို့ တွေ ခြေထောက်ဆင်းတာတောင် ရေနွေးပူထဲဆင်းနေရသလိုပဲ"

"သူတို့တွေကို ငါတို့ ဘာမှ ကူညီမပေးနိုင်ဘူးနော်"

မလှုပ်မယှက်မျောပါနေကြ သော ငါးကလေးများကိုကြည့်၍ ယမုံနှင့်ပပတို့ စိတ်မကောင်းဖြစ်နေ ကြသည်။ အချို့စိုက်ခင်းစောင့်သော ကလေးများနှင့် နွားကျောင်းသော ကလေးများမှာ ချောင်းထဲတွင် မျောပါနေသော ငါးကလေးများကို လိုက်ကောက်နေကြသည်။

"လာဟယ်... တို့တွေ ရေ သောက်ပြီးရင် ဘကြီးမှုံတို့စိုက်ခင်း ဘက် ကောက်သင်းသွားကောက်ကြ မယ်"

ဘကြီးမှုံတို့စိုက်ခင်းမှာ ယမုံ စိုက်ခင်းနှင့် နှစ်ခင်းခြား၍ ပပစိုက် ခင်းနှင့်တော့ တောင်ဘက် မြောက် ဘက်ဖြစ်သည်။ ယမုံသည် စိုက်ခင်း ဘေးရှိတဲအတွင်းမှ 'ထန်းခေါက် တောင်းကလေးနှင့် အာလူးယက် ၍ရှာရန်အတွက် လက်ယက်ပြား ကလေးကို ဝင်ယူလာခဲ့သည်။

"ဟဲ့...ယမုံ နင်ခေါင်းဆောင်း ခဲ့အုံးလေ၊ နေကတအားပူတယ်"

"အေးပါ...အေးပါ"

ယမုံတို့ ဘကြီးမှုံတို့စိုက်ခင်းဆီသို့ ထွက်ခဲ့ကြသည်။

"ကြီးကြီးငွေ ယမုံတို့ အာလူးကောက်သင်းကောက်အုံးမယ်နော်"

ဘကြီးမှုံ၏ဇနီး ကြီးကြီးငွေသည် စိုက်ခင်းထဲတွင် ခရမ်းချဉ်ပင်များကို လိုက်၍ပြင်နေသည်ကို တွေ့ရသည်။

"ယမုံတို့လား ကောက်ကြလေ၊ ခရမ်းချဉ်ပင်တွေတော့ မကျွတ်စေနဲ့နော်"

"ဟုတ်ကဲ့ ကြီးကြီးငွေ၊ သမီးတို့ ကောင်းကောင်းကောက်ပါ့မယ်"

ယမုံတို့နှစ်ယောက် အာလူးခင်းထဲသို့ဆင်းခဲ့ကြသည်။ လက်ယက်ပြားကလေးကိုယ်စီနှင့် သဲပြင်ထဲတွင် ယက်ကာရှာရင်း အာလူးကောက်သင်းကောက်နေကြသည်။ ကြီးကြီးငွေက ခရမ်းချဉ်ပင်များကို မကျွတ်စေနှင့်ဟုပြောသဖြင့် ခရမ်းချဉ်ပင်တန်းများရှိသည့်နေရာတွင် ဂရုတစိုက်ကောက်နေကြသည်။ ခရမ်းချဉ်ပင်အမြစ်များအတွင်းတွင် အာလူးများမှာ ပိုကျန်တတ်သည်။ ထိုအမြစ်များအတွင်းတွင် လက်ယက်ပြားနှင့်မယက်ဘဲ လက်ချောင်းလေးများနှင့် သေချာနှိုက်လျှို၍ ခရမ်းချဉ်ပင်အမြစ်များမနာစေရန် နှိုက်ယူကြရသည်။ အချို့ဥကြီးကြီးများကို ရှာတွေ့သော်လည်း ခရမ်းချဉ်ပင်နာမှာစိုး၍ နှမြောသဖြင့် ချန်ထားခဲ့ရသည်များရှိသည်။

"ယမုံရေ... ညည်းတို့ကောက်သင်းကောက်နေရင် ကြီးကြီးငွေ အိမ်ပြန်လိုက်အုံးမယ်နော်"

"ပြန်လေ ကြီးကြီးငွေ၊ သမီးတို့ ကြည့်ထားလိုက်မယ်"

"အေးအေး...ကြီးကြီးငွေ ကျော်တိုးကို လွှတ်လိုက်မယ်"

ကြီးကြီးငွေသည် သူ့တူကျော်တိုးကိုလွှတ်လိုက်မည်ဆို၍ ယမုံတို့နှစ်ယောက် ပခုံးတွန့်ကာ ပြုံးမိကြသည်။ ကြီးကြီးငွေတို့စိုက်ခင်းရဲ့ဟိုဘက်မှစိုက်ခင်းသည် ကျော်တိုးတို့စိုက်ခင်းဖြစ်သည်။ ကြီးကြီးငွေတို့လင်မယားသည် စိုက်ခင်းစောင့်ခိုင်းစရာ ငယ်ငယ်ရွယ်ရွယ်ကလေးမရှိသဖြင့် သူတို့စောင့်သည့်အခါရှိသလို တစ်ခါတစ်ရံ ကျော်တိုးကို သူတို့စိုက်ခင်းနှင့်ပေါင်းကာ စောင့်ခိုင်းခြင်းဖြစ်သည်။ ကြီးကြီးငွေ ပြန်သွားသောအခါ ပပနှင့်ယမုံသည် အာလူးဆက်၍ကောက်နေကြသည်။

"ဟေ့...နင်တို့ သူများစိုက်ခင်းထဲ လူမရှိဘဲ ဘာလို့ဝင်ပြီးကောက်သင်းကောက်နေကြတာလဲ"

"အမယ်...ငါတို့က ကြီးကြီးငွေကိုပြောပြီးမှ ကောက်တာပါနော်၊ သူများပစ္စည်းမသိအောင်ဝင်ကောက်နေတာမဟုတ်ပါဘူး"

"ဟုတ်တယ်၊ ကြီးကြီးငွေက ငါတို့ကိုမှာထားခဲ့တယ်၊ ကောက်သင်းကောက်ရင်း သူ့စိုက်ခင်းကိုပါ ကြည့်ပေးဖို့"

ယမုံတို့နှစ်ယောက် ဝိုင်းပြောကြသဖြင့် ကျော်တိုးမှာ ဘာမှဆက်မပြောတော့ဘဲ သူပါ စိုက်ခင်းထဲဝင်၍ ကောက်သင်းကောက်နေလေသည်။ ကျော်တိုးနှင့်ယမုံတို့မှာ မတည့်ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခပ်ဝေးဝေးနေကာ ကောက်သင်းကောက်နေကြသည်။

"နေကလဲ ပူလိုက်တာဟယ်"

ယမုံမှာ နေပူလွန်းသဖြင့် နဖူးဆီမှ စီးကျလာသောချွေးများကိုသုတ်ရင်း ခါးကြောကိုဆန့်ရန် မတ်တတ်ရပ်လိုက်သည်။

"ဟယ်...ကျော်တိုး နင်တို့ကြက်သွန်ခင်း နွားတွေဝင်ဆွဲနေပြီ"

မတည့်သော်လည်း မတော်တာမြင်တော့ ပြောမိပြန်သည်။

"ဟင်..."ဟုဆိုကာ ကျော်တိုးမှာ နွားများကိုမောင်းရန် သူတို့ကြက်သွန်ခင်းဆီသို့ ပြေးသွားလေသည်။

"မင်းတို့ကောင်တွေ နွားတွေဝင်စားနေတာ ခြောက်ကြပါလားကွ"

"ဟေ့ကောင်...ဝင်မစားစေချင်ရင် ကိုယ့်စိုက်ခင်းကို စည်းလုံအောင်လုပ်လေ"

"မင်းတို့ ဘာပြောတာလဲကွ၊ ငါ့စိုက်ခင်းက စည်းလုံပြီးသား၊ မင်းတို့နွားတွေဝင်တိုးလို့ ပျက်ကုန်တာ"

"ဟေ့ကောင်...အဲဒီတော့ ဘာဖြစ်လဲကွာ"

ကျော်တိုးနှင့် ဟိုဘက်ရွာမှ နွားကျောင်းသည့်သူများ စကားအချေအတင်ပြောနေကြသည်။

ယမုံနှင့်ပပမှာ ကျော်တိုးတို့စကားများနေရာဆီသို့ လှမ်းကြည့်လိုက်သည်။ ဟိုဘက်ရွာက နွားကျောင်းသည့်သူများမှာ ယောကျ်ားလေးချည်းသုံးယောက်။ ကျော်တိုးမှာ တစ်ယောက်တည်းဖြစ်နေသဖြင့် အရှုံးပေးရမလိုဖြစ်နေသည်။ ဂျစ်တီးဂျစ်ကန်နွားကျောင်းသားများမှာလည်း နွားများကို မောင်းမသွားဘဲ ကျော်တိုးတို့စိုက်ခင်း စည်းရိုးဘေးတွင် ကပ်ကျောင်းနေကြလေသည်။ ကျော်တိုးအခြေအနေမှာမကောင်းသဖြင့် ယမုံနှင့်ပပ ကျော်တိုးကိုကူရန် သူတို့ရှိရာအနားသို့ သွားလိုက်ကြသည်။

"ဟဲ့...ဟုတ်သားပဲ၊ နင်တို့ကလဲမှားသေး နင်တို့ကလဲ ပြန်ပြောရတယ်ရှိသေးတယ်၊ နင်တို့နွားကျောင်းချင်ရင် စိုက်ခင်းတွေနဲ့လွတ်ရာသွားကျောင်းပါလား"

"အမယ်... နင်ကဘာမို့လာစွာနေတာလဲ"

"ငါ့နာမည် မိယမုံပဲဟေ့... မတရားတာတွေ့ရင် ကြည့်မနေတတ်ဘူး၊ နင်တို့နွားတွေ မခြောက်ဘူးလား ခြောက်မှာလား ပြော"

"မခြောက်ဘူးဟာ"

"အေး...သိကြသေးတာပေါ့"

ယမုံသည် ဘကြီးမှုံတို့တဲထဲမှဝင်ယူလာသော လေးခွနှင့် ကျော်တိုးတို့စိုက်ခင်းခြံစည်းရိုးပေါ်ရှိ ပဲလွမ်းပင်များကို ဆွဲစားနေသော နွားများဆီသို့ သုံးလေးချက်ထုပစ်လိုက်သည်။ လောက်လေးစာမိသွားသောနွားများမှာ နောက်သို့ဆုတ်သွားကြသည်။

"အေး... နင်တို့နွားတွေ မမောင်းရင် ငါ ဆက်ပစ်မှာနော်"

လေးခွတစ်လက်နှင့်ချိန်ကာ ပြောနေသော ယမုံ့စကားကြောင့် ဟိုဘက်ရွာမှနွားကျောင်းသားများသည် နွားများကို စိုက်ခင်းများနှင့် ဝေးရာဆီသို့ မောင်းသွားကြလေသည်။ နွားကျောင်းသားများ အဝေးသို့ ရောက်သွားမှ–

"ကျေးဇူးပါယမုံ၊ ဒါနဲ့ နင်က ငါ့ကိုဘာလို့လာကူတာတုံး၊ တကယ်ဆို ငါက နင်တို့အပေါ် အမြဲအနိုင်ကျင့်ခဲ့တာ"

"ဟဲ့... တစ်ရွာတည်းသားချင်းမို့ပေါ့၊ အေး...နင်မှတ်ထားဖို့က ကိုယ်ကဗလရှိတယ်ဆိုပြီး ဗလအားကိုးနဲ့ သူတစ်ပါးအပေါ် အနိုင်ကျင့်ခဲ့ရင် တစ်ချိန်မှာ ကိုယ့်ကို အနိုင်ကျင့်တဲ့သူပေါ်လာမှာပဲ၊ ဝဋ်ဆိုတာ လည်တတ်တယ်ဟဲ့"

ယမုံနှင့်ပပတို့သည် နေလည်း အတော်ပူနေသည်ဖြစ်သဖြင့် ဆက်၍ ကောက်သင်းမကောက်ကြတော့ဘဲ ကိုယ့်စိုက်ခင်းဆီ ပြန်လာခဲ့ကြသည်။ ယမုံတို့တဲထဲတွင် ယမုံနှင့်ပပတို့ တစ်ယောက်တစ်လှည့်စီ ပုံပြင်ပြောနေကြစဉ်မှာပဲ ကျော်တိုးသည် ယမုံတို့အနားသို့ ရောက်လာသည်။

"ရော့...ယမုံနဲ့ပပ နင်တို့စားဖို့ ငါ အာလူးဖုတ်လာတာ"

ကျော်တိုးသည် သူဖုတ်လာသော အာလူးများကို ဖရုံရွက်များနှင့်ထုပ်ယူလာသည်။ ယမုံနှင့်ပပ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။

"စားပါဟာ...ဒီနေ့ကစပြီး ငါ ဘယ်သူ့အပေါ်မှအနိုင်မကျင့်တော့ပါဘူး၊ ငါ့ကိုလဲ နင်တို့သူငယ်ချင်း လုပ်ခွင့်ပေးပါနော်"

"အေးပါဟယ်"ဟု ယမုံနှင့်ပပတို့နှစ်ယောက်ဆီမှ သံပြိုင်ထွက်သွားသည်။

"နောက်နေ့ကျရင် နင်တို့ လက်ပံပွင့်ကောက်သွားရင် ငါလဲ အတူလိုက်ကောက်မယ်နော်"

"အေးပါ တို့သွားရင် နင့်ကို လှမ်းအော်ခေါ်လိုက်မယ်"

ယမုံ့စကားကိုကြားတော့ ကျော်တိုးမျက်နှာပြုံးသွားသည်။

နောက်တစ်နေ့ လက်ပံပင်အောက် လက်ပံပွင့်ကောက်ရောက်လျှင်တော့ အငယ်များအားလုံး ယမုံ၊ ပပနှင့်ကျော်တိုး သူတို့ သုံးယောက်ကို အထူးအဆန်းသဖွယ်ကြည့်နေကြဦးမည်ကိုတွေးမိပြီး ယမုံပြုံးလိုက်မိပါသည်။ ထို့နောက် ကျော်တိုးယူလာသော အာလူးဖုတ်ပူပူများကို တဖူးဖူးမှုတ်ကာ ယမုံနှင့်ပပတို့ စားနေမိကြပါတော့သည်။ ။

**ယင်းမာ**

မြန်မာမှုဥပစာစကားများ

# ဆရာလုပ်တဲ့သူ

ရေနံ့သာမောင်ကျော်ညွန့်



သူ့ကို ဆရာကြီးလို့ တစ်ရွာလုံးကခေါ်ကြတယ်။ သူက ဆရာကြီးတော့မဟုတ်ပါဘူး။ နေရာတကာမှာ ဆရာလုပ်လွန်းလို့ 'ဆရာကြီး'လို့ ခေါ်ကြတာပါ။ သူကလဲ သူပဲ။ လူထူထူရှိလေ ဆရာလုပ်လေ။ လုပ်သာလုပ်တာပါ။ ဘာမှ ဟုတ်တိပတ်တိ သိတာတတ်တာ မဟုတ်ပါဘူး။ သိယောင်ကား တတ်ယောင်ကားပါ။

လူထူထူရှိပြီဆို သူရောက်လာပြီ။ ရောက်တာနဲ့ သူသိသူတတ် ပြောနေတော့တာပဲ။ သူပြောတာတွေက ရှေ့စကားနဲ့နောက်စကား မညီဘူး။ ရောက်တတ်ရာရာကို တောင်စဉ်ရေမရပြောနေတော့တာ။ ဒီတော့ သူပြောတာကိုမကြားချင်ကြဘူး။ နားကလောလို့ နားကြားပြင်းကတ်တာပေါ့။ နားကြားပြင်းကတ်ရုံတင်မဟုတ်ဘူး၊ အမြင်ပါကတ်တာ။ ဒီတော့ သူလာတာမြင်တာနဲ့ 'ဆရာကြီးလာပြီဟေ့'လို့ အော်ပြီး ရှောင်ကြတော့တာပါပဲ။

ရွာရေးရွာတာပေါ်လာရင် ရွာသူ၊ ရွာသားတွေက စုပေါင်းဆောင်ရွက်ကြတယ်။ အဖွဲ့လိုက် အစုလိုက် စုပေါင်းဆောင်ရွက်ကြတာပေါ့။ စုပေါင်းဆောင်ရွက်နေကြတဲ့ လူစုစုကိုမြင်တာနဲ့ သူရောက်လာတော့တာပါပဲ။ ရောက်တာနဲ့ သူတကာအလုပ်လုပ်နေကြတဲ့ဘေးမှာ မတ်တတ်ရပ် ခါးထောက်ပြီး 'ဒီလိုမလုပ်နဲ့ကွ၊ ဟိုလိုလုပ်ကြ။ ဒီလိုမကိုင်နဲ့ကွ၊ ဟိုလိုကိုင်ကြ'လို့ ဆရာလုပ်ပြောနေတော့တာပဲ။ သူက လုပ်ငန်းဆောင်တာလုပ်ကိုင်ဖူးတာ မဟုတ်သလို ကျွမ်းကျင်တာလဲ မဟုတ်ဘူး။ ဒါကြောင့် သူပြောတာကို ဘယ်သူကမှ အရေးစိုက်မနေကြဘူး။ သူပြောသလိုလဲ ဘယ်သူမှ မလုပ်ကြပါဘူး။

ရွာမှာက ရွာဓလေ့ရှိတယ်။ အလှူတစ်လှူရှိရင် ရွာသူ၊ ရွာသားတွေက ဝိုင်းဝန်းဆောင်ရွက်ကြရတယ်။ ထမင်းချက်တဲ့အဖွဲ့၊ ဟင်းချက်တဲ့အဖွဲ့၊ ဧည့်ခံကျွေးမွေးတဲ့အဖွဲ့ စတဲ့ဝေယျာဝစ္စအဖွဲ့တွေရှိတယ်။ ဖွဲ့ထားတဲ့အဖွဲ့တွေက အများကြီးပဲ။ ကိုယ့်အဖွဲ့နဲ့ကိုယ် တာဝန်ကျေအောင် ဆောင်ရွက်ကြရတယ်။

ဒါမှ အလှူပွဲက ချောချောမောမော အောင်မြင်တယ်။ အလှူပွဲရဲ့ဝေယျာ ဝစ္စလုပ်ဆောင်ရတဲ့အဖွဲ့တွေထဲမှာ နေရာတကာဆရာလုပ်ချင်တဲ့သူ့ကို ဘယ်အဖွဲ့ကမှ မခေါ်ချင်ကြဘူး။ သူက 'ရွာသားတစ်ယောက်အနေ နဲ့ ကျရာတာဝန်ကိုဆောင်ရွက်ပါ့ မယ်၊ တာဝန်တစ်ခုပေးပါ'လို့ ရွာ လူကြီးတွေဆီတောင်းဆိုနေတယ်။ ဒါနဲ့ လူကြီးတွေက သူ့ကိုဟင်းချက် တဲ့အဖွဲ့ထဲထည့်ပေးလိုက်တယ်။ ဟင်းချက်တဲ့အဖွဲ့က သူ့ကိုမခေါ်ချင် ပေမဲ့ ရွာလူကြီးတွေရဲ့စကားကို မလွန် ဆန်ကြပါဘူး။ သူ့ကို အောင့်သက် သက်နဲ့ လက်ခံလိုက်ကြရတယ်။

အလှူက ဝက်သားဟင်းနဲ့ ကျွေးမှာ။ ဝက်သားအချိန်တစ်ရာ ကျော်တယ်။ တုံးပြီးတစ်ပြီးသား ဝက်သားတွေက မိုးပြဲဒယ်ကြီးငါး လုံးခြောက်လုံးစာရှိတယ်။ တစ်ည လုံးနီးပါးချက်ကြရတာပေါ့။ တက် ညီလက်ညီချက်နေကြတုန်းမှာပဲ 'တို့ဆရာကြီး မရောက်သေးပါလား ကွ၊ ဟင်းချက်တဲ့အဖွဲ့ထဲပါတာ မေ့နေပြီထင်တယ်'လို့ တစ်ယောက် က စကားစလိုက်တယ်။ ဒီတော့ နောက်တစ်ယောက်က 'မင်းမို့ သူ့ကို တမ်းတနေတယ်၊ မီးဖိုကပူလောင် ရတဲ့အထဲ သူလာရင် နားပါပူရမှာ။ သူမလာတော့ နားမပူရဘူး၊ နားပူ သက်သာတာပေါ့ကွာ'လို့ ပြန်ပြော နေတယ်။ ဟင်းချက်အဖွဲ့တွေ ချွေး တလုံးလုံးနဲ့ ချက်နေကြတုန်းမှာ ဆရာကြီးကတော့ အိပ်ရေးဝအောင် အိပ်နေတုန်းပါပဲ။ ဝက်သားအားလုံး ချက်ပြီးတော့ မိုးလင်းခါနီးနေပြီ။ ချက်ပြီးသားဝက်သားဟင်းက မိုးပြဲ ဒယ်ကြီးခြောက်လုံးနဲ့အပြည့်။ ဧည့်သည်တွေရောက်လာရင် ကျွေး ဖို့ အဆင်သင့်ပါပဲ။ ဧည့်သည်တွေ ကို ကျွေးခါနီးတော့မှပဲ ဘသား ချောက ဝတ်ကောင်းစားလှတွေဝတ် ပြီးရောက်လာတယ်။ သူ့ကိုကြည့်ရ တာ မျက်စိစပါးမွေးစူးတယ်။ သူက ဟင်းချက်တဲ့အဖွဲ့ထဲကလူနဲ့မတူ ဘူး။ သံဃာစင်ပေါ်မှာ ဧည့်ခံစကား ပြောမဲ့လူနဲ့တူနေတယ်။ သူသာ သံဃာစင်ပေါ်ဧည့်ခံစကားပြော နေလို့ကတော့ သံဃာစင်ပေါ်မှာ ဧည့်သည်တစ်ယောက်မှရှိမှာ မဟုတ်ဘူး။ နေရာတကာဆရာလုပ် တဲ့ သူ့အကျင့်ကို တစ်နယ်လုံးက သိနေကြတော့ သူ့အသံကြားတာ နဲ့ ဝေးဝေးရှောင်ကြမှာပဲ။

အလှူပွဲလာသမျှဧည့်သည် တွေကို မနက်ရှစ်နာရီခွဲ ကိုးနာရီ လောက်ကစပြီး ကျွေးနေပြီ။ ထမင်း စားပြီးလို့ ထမင်းစားမဏ္ဍပ်ကထွက် လာတဲ့သူတိုင်းက 'ဝက်သားဟင်းက နူးအိပြီးစားလို့ကောင်းကြောင်း၊ ဟင်းချက်ကောင်းကြောင်း'ပြောဆို ချီးမွမ်းနေကြတယ်။ ဒီတော့ ဘသား ချောက 'ဧည့်သည်တော်တွေစားလို့ ကောင်းကြပါစေဆိုတဲ့စေတနာနဲ့ နူးအိနေအောင်နှပ်ထားတာဗျို့။ အပေါ့အငန်အနေတော်ဖြစ်ဖို့၊ ဟင်းအစပ်တည့်ဖို့ကိုလဲ ခဏခဏ ပြောပေးနေရတာပေါ့ဗျာ'လို့ သူပဲ စီစဉ်ထားသလိုလို၊ သူပဲချက်ထား သလိုလိုထင်အောင်ပြောနေတော့ တာပဲ။

သူက အလိုက်ကမ်းဆိုးမသိ ဘူး။ နေရာတကာမှာ သူသိသူတတ် လုပ်ပြီး ဆရာလုပ်ဖို့ပဲသိတယ်။ ဘယ်သူတွေက ဘယ်လိုပဲပြောပြော ဆရာလုပ်ရရင်ပြီးရောဆိုတဲ့လူစား။ သူတစ်ပါးကိုပညာတွေသင်ကြား ပေးနိုင်မှု၊ သွန်သင်ဆုံးမနည်းလမ်း ပြနိုင်မှု၊ လုပ်ငန်းတစ်ခုခုကိုကျွမ်း ကျွမ်းကျင်ကျင်တတ်မြောက်မှု ဆရာလုပ်လို့ရတယ်၊ ဆရာလို့ ခေါ်ခံထိုက်တယ်။ မသိဘဲမတတ် ဘဲနဲ့ဆရာလုပ်လို့မရဘူး၊ ဆရာ လို့လဲ ခေါ်ခံမထိုက်ပါဘူး။

မသိဘဲမတတ်ဘဲနဲ့ သူတစ်ပါး အပေါ် ဆရာလုပ်တယ်ဆိုတာက တော့ သူ့ကိုယ်သူထင်ပေါ်ချင်လို့ အများတကာအပေါ် ဩဇာပေးချင် လို့ပါပဲ။ မသိဘဲမတတ်ဘဲနဲ့ အများ တကာရဲ့အလယ်မှာထင်ပေါ်ချင် လို့မရသလို အများတကာအပေါ် ကို ဩဇာပေးလို့လဲမရပါဘူး။ မသိ ဘဲမတတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ထင်ပေါ်ချင်နေတဲ့သူ၊ အများတကာ အပေါ် ဩဇာပေးချင်နေတဲ့သူကို ဆရာလုပ်တဲ့သူလို့ ပြောကြတယ်။ ဆရာလုပ်တယ်လို့ ပြောတဲ့စကားက ဥပစာစကားပါ။ အဓိပ္ပာယ်ကတော့ 'နေရာတကာမှာ သူသိသူတတ်လုပ် တာ၊ သူတကာအပေါ် ဩဇာပေးတာ' ပါပဲကွယ်။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

တေဇလူငယ်နှင့် အများအကျိုး

# လောကကောင်းကျိုးသယ်ပိုးနိုင်ကြပါစေ

မောင်ဖျော်(ပေတစ်ပင်)



ချစ်တဲ့တူ၊ တူမလေးတို့ရေ… ဒီလတော့ ဖေ့စ်ဘွတ်ခ်မှာဝေမျှတဲ့ အကြောင်းအရာလေးတစ်ခုကို ဖတ်ရှုမိပြီး ဦးဌေးက ကလေးတို့ကိုပြန်ပြီး ဝေမျှချင်ပါတယ်ကွယ်။ တစ်ခါက လူတစ်ယောက်ဟာ သူနေတဲ့ရွာကနေ မြို့တက်ပြီးဈေးဝယ်သတဲ့။ ဖြစ်ချင်တော့ ဈေးနားအရောက်မှာ သူစီးလာတဲ့ဖိနပ်က သည်းကြိုးပြတ်သွားတယ်ဆိုပဲ။ ဖိနပ်ကိုလွှင့်ပစ်ရမှာနမြောတာကြောင့် သည်းကြိုးအသစ်လဲပြီးစီးမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အဝင်ဝကဈေးသည်အစ်မကြီးကို အကျိုးအကြောင်းပြောပြီး ဖိနပ်ကလေး ခဏထားခဲ့ပါရစေလို့ ခွင့်တောင်းသတဲ့။ ဈေးသည်အစ်မကြီးကလဲ 'ရပါတယ် ထားခဲ့ပါ'လို့ ရှောရှောရှူရှူခွင့်ပြုသတဲ့။ ဈေးဝယ်သူကလဲ ကျေးဇူးတင်ကြောင်းပြောပြီးဈေးသွားဝယ်တာပေါ့။ အပြန်ကျမှ သူ့ဖိနပ်အပြတ်လေးကိုပြန်ယူပြီး ရွာပြန်လာခဲ့သတဲ့။

နောက်တစ်ပတ်လောက် အကြာမှာ အဲဒီရွာသားဟာ သူငယ်ချင်းတစ်ယောက်နဲ့အတူ မြို့ကို တက်လာပြန်ရောတဲ့။ ဖြစ်ချင်တော့ အဖော်ပါလာတဲ့ရွာသားက ရောဂါသည်တစ်ယောက်မို့ လမ်းကြမ်းမှာ ပင်ပင်ပန်းပန်းလျှောက်လာရင်းက သူ့ရောဂါဖောက်ပြီး မြို့အဝင်မှာပဲ လဲကျပြီး ရုတ်တရက်သေဆုံးသွားတော့သတဲ့။ ဒီတော့ ကျန်ခဲ့တဲ့ရွာသားခမျာ ရုတ်တရက်ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားတာပေါ့။ အဲဒီမှာပဲ သူအကြံတစ်ခုရပြီး အလောင်းကိုအိတ်တစ်လုံးထဲထည့်ထမ်းပြီး ဈေးဆီသွားသတဲ့။ ပြီးတော့ သူတစ်ခါက ဖိနပ်အပြတ်လေးအပ်ခဲ့ဖူးတဲ့ ဈေးသည်အစ်မကြီးဆီမှာ သူ့သူငယ်ချင်းအလောင်းကို ခဏအပ်ထားပါရစေလို့ ခွင့်တောင်းသတဲ့။ ဘာပြောကောင်းမလဲကွယ်။

ဈေးသည်အစ်မကြီးကအပ်ဖို့လက်မခံနိုင်ကြောင်းနဲ့ အမြန်ဆုံးသူ့ဆိုင်ရှေ့ကထွက်သွားဖို့ ဒေါသတကြီးနဲ့ မောင်းထုတ်တော့သတဲ့။ ဖိနပ်အစုတ်ကလေးအပ်တုန်းက ကောင်းကောင်းမွန်မွန်လက်ခံခဲ့တဲ့ အစ်မကြီးက အခုသူ့သူငယ်ချင်း

အလောင်းကိုခဏထားပါရစေအပ်ကာမှ ခါးခါးသီးသီးဖြစ်သွားတာကြည့်ပြီး ရွာသားလေးလဲ ပထမတော့ အံ့အားသင့်သွားတာပေါ့။ နောက်မှ လောကသဘာဝကိုသဘောပေါက်သွားပြီး 'ဩော်...လူဆိုတာ သေသွားရင် ဖိနပ်အစုတ်တစ်ရန်လောက်တောင် တန်ဖိုးမရှိပါလား' လို့ မှတ်ချက်ပြုပြီး သူ့သူငယ်ချင်းအလောင်းကြီးကိုထမ်းပြီး ရွာကိုပဲပြန်လာခဲ့ရသတဲ့။

ဦးဌေးဝေမျှချင်တဲ့အကြောင်းလေးကတော့ ဒီလောက်ပါပဲကွယ်။ ကဲ...တူ၊ တူမလေးတို့တွေ ဦးဌေးပြောတဲ့အကြောင်းအရာလေးကနေ ဘာအသိအမြင်တွေများ ရပါသလဲ။ ပြောကြပါအုံး။ ဟုတ်တယ်နော်။ အဲဒီဇာတ်လမ်းထဲကရွာသား မှတ်ချက်ပေးသလိုပဲ ဦးဌေးတို့ အလွန်မြတ်နိုးပြီး နေ့စဉ်တသသလုပ်နေတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ မသေခင်သာ တန်ဖိုးရှိနေတာကွဲ့။ သေသွားရင် ဘယ်သူကမှ ကြာရှည်လက်မခံချင်တော့ဘူး။ လူတစ်ယောက်ကို ဘယ်လောက်ပဲချစ်မြတ်နိုးတယ်ပဲဆိုဆို အဲဒီလူသေပြီဆိုတာနဲ့ အနားမကပ်ချင်ကြတော့ဘူး။ အမြန်ဆုံး စွန့်ပစ်ချင်ကြသူတွေချည်းပါပဲ။ ပါမောက္ခချုပ်ဆရာတော်ကြီးဟောသလို သေသူက ကိုယ့်အိမ်ကိုစွဲလမ်းနေလို့ တစ္ဆေသရဲဘဝနဲ့ပြန်လာအုံးမလား ဘုန်းကြီးတွေပင့်ပြီးကိုနှင်လွှတ်လိမ့်မယ်တဲ့။ ဆရာတော်ကြီးဟောသလိုပဲ မသေခင်မှာ ဘယ်လောက်ချစ်ချစ် သေရင်တော့ အမြန်ဆုံးပစ်ကြသူတွေချည်းပါပဲကွယ်။

ဦးဌေးက ဘာလို့ဒီအကြောင်းကို ပြောရသလဲဆိုတော့ ဒီနေ့ခေတ်လူတွေဟာ အပေါ်ယံခန္ဓာကိုယ်အလှကို သိပ်ပြီးအလေးထားလာကြလို့ပဲကွဲ့။ ဘဝကိုဖန်တီးခြယ်လှယ်နေတဲ့ စိတ်နေစိတ်ထားကိုတော့ ကောင်းအောင်မကြိုးစားကြဘူး။ မိဘကအမွေပေးထားတဲ့ ဒီခန္ဓာကိုယ်ကြီးကိုတော့ ခေတ်မီနည်းပညာတွေသုံးပြီး အမျိုးမျိုးအလှဆင်နေကြတာများ မမြင်ချင်မှအဆုံးပဲ။ ရုပ်အလှပြင်ရာမှာ ဒီနိုင်ငံမှာတင်မက နိုင်ငံခြားသွားပြီးတော့ကို မျက်နှာခွဲစိတ်ရတာနဲ့၊ အလှပြုပြင်ရတာနဲ့ ရှုပ်နေတာပဲ။ အဆိုးဆုံးက အနုပညာနယ်က မင်းသား၊ မင်းသမီးတွေလို့ထင်တယ်။

ပိုက်ဆံအကုန်ခံ၊ အသားအနာခံပြီးပြုပြင်နေကြတာ အပြိုင်အဆိုင်ပဲ။ ဘယ်လောက်ပဲ အလှတွေပြင်နေပြင်နေ ဇရာဆိုတာ ဘယ်သူများရှောင်နိုင်တာကျလို့ကွယ်။ အိုနာသေဆိုတဲ့ သဘာဝဖြစ်စဉ်ကြီးကို သိပ္ပံနည်းပညာနဲ့ ကျော်လွှားလို့ရမယ်များ ထင်နေသလားမပြောတတ်ပါဘူး။ ဒါတွေကို အားကျတဲ့သူတွေကလဲ တစ်ပုံတစ်ပင်ရှိနေတယ်။

ဆရာတော်တွေဟောတဲ့တရားတွေနာပြီး ဦးဌေးသိရတာက လူမှာ လူသေပုပ်နဲ့ လူရှင်ပုပ်ဆိုပြီး နှစ်မျိုးရှိသတဲ့ကွဲ့။ လူသေပုပ်ဆိုတာတော့ ရှင်းပါတယ်နော်။ သေပြီး သုံးရက်နောက်ပိုင်းဆို လူသေကပုပ်လာပြီလေ။ ဒါကဖြစ်မြဲဓမ္မတာတရားလို့တောင်ပြောရမှာပေါ့ကွယ်။ ဒါဖြင့် လူရှင်ပုပ်ဆိုတာကကောတဲ့။ လူရှင်ပုပ်ဆိုတာကတော့ စိတ်နေစိတ်ထားမကောင်းတဲ့လူတွေကိုဆိုလိုတာပေါ့ကွယ်။ အတ္တကြီးသူ၊ ကိုယ်ချင်းမစာနာတတ်သူ၊ ငါကောင်းစားဖို့အတွက် ဘယ်သူဘာဖြစ်ဖြစ်ဆိုတဲ့သူတွေမျိုးပေါ့ကွယ်။ ဒီတော့ သားတို့၊ သမီးတို့တွေကို ဦးဌေးပြောချင်တာက လူသေလို့ပုပ်တာ သဘာဝမို့ထားတော့။ သို့သော် လူရှင်ပုပ်တော့မဖြစ်ကြစေနဲ့လို့။ အသက်တော့ရှင်ပါရဲ့၊ မကောင်းသတင်းတွေနဲ့ပုပ်လှိုင်နေမယ်ဆိုရင် ဘယ်မှာလူဖြစ်ရကျိုးနပ်ပါတော့မလဲကွယ်။ မဟုတ်ဘူးလား။ ဒါကြောင့် သားတို့၊ သမီးတို့အနေနဲ့ သူတစ်ပါးကို ကိုယ်ချင်းစာနာကူညီတတ်တဲ့၊ စိတ်နေစိတ်ထား၊ ရိုးသားမွန်ရည်ကြတဲ့ အများအကျိုးကို သယ်ပိုးထမ်းဆောင်တတ်ကြတဲ့ လူတော်လူကောင်းတွေဖြစ်အောင် ကြိုးစားကြပါလို့ ဦးဌေးကမှာချင်ပါတယ်ကွယ်။ ဒါမှလဲ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသအပေါ် ကျေးဇူးပြုနိုင်သူဖြစ်ပြီး လူဖြစ်ရကျိုးလဲနပ်သူတွေဖြစ်လာကြမယ်လေ။

ကဲ...ဒီတစ်လတော့ ဒီလောက်ပါပဲကွယ်။ တူ၊တူမလေးတို့တွေ လူရှင်ပုပ်ဘဝကကင်းလွတ်ပြီး လောကကောင်းကျိုးသယ်ပိုးနိုင်တဲ့ သားကောင်းသားမြတ်တွေဖြစ်နိုင်ကြပါစေကွယ်။ ။

**တူ၊ တူမလေးတို့ရဲ့**
**ချစ်သောဦးဌေး**
**မောင်ဖျော်(ပေတစ်ပင်)**



နောင်တ
ဇာတ်လမ်း
ဆောဟန်
သရုပ်ဖော်
ကာတွန်း စိုးစံ
Regret
Story: Saw Han
Illustration: Soe San
Tr: BMK
နွေရာသီကျောင်းပိတ်ရက်သည်တဖြည်းဖြည်းကုန်တော့မည်ဖြစ်သည်။
The summer holidays were slowly coming to an end.
ကံကောင်းသည်ကျောင်းပိတ်ရက်တွင်ဂိမ်းဆော့လိုက်...
Kan Kaung played games during holidays.
ဟ ဟား...
"Ha!"
ကာရာအိုကေဆိုလိုက်...
He sang karaoke.
ဘောလုံးကန်လိုက်ဖြင့်အချိန်တွေကိုဖြုန်းနေလေသည်။
He spent time playing football.


ဘကြီးစောကတော့ပြောဖူးသည်။ အချိန်ဆိုတာအသုံးချတတ်ဖို့လိုသည်။
Uncle Saw told him that he needed to use time.
အချိန်ဟာလူကိုဘယ်တော့မှ စောင့်ရိုးထုံးစံမရှိ...လူကသာအချိန်ကို စောင့်ရတာကွဲ့....
"Time never waits for you. Man must wait for time."
ကုန်သွားတဲ့အချိန်တွေကိုနှမြောနေမဲ့ အစား တန်ဖိုးရှိအောင်အသုံးချရမည်တဲ့။
"Don't miss the time spent. Instead, you should use time beneficially."
တစ်နေ့...ကံကောင်းနှင့်ဇော်ထက်အောင်တို့ လမ်းထိပ်တွင်ဆုံကြလေသည်။
One day, Kan Kaung and Zaw Htet Aung met at the top of the street.
ကံကောင်း... "Kan Kaung"
ဇော်ထက်အောင်... "Zaw Htet Aung."
ဇော်ထက်အောင်... မင်းသိုင်းသင်တန်းတက် နေတယ်ဆို...
"Zaw Htet Aung, you're attending martial art class, aren't you?"
အေး...ဟုတ်တယ် သူငယ်ချင်း
"Yes, my friend."


ဘာလဲ...ကိုယ်ခံရတဲ့ပညာလား
ဟား...ဟား...ဟား...ဟား...
"What? The art of being wounded! Ha! Ha! Ha! Ha!"
ကံကောင်း မလှောင်ပါနဲ့ကွာ... ဘယ်ပညာမဆိုသူ့နေရာနဲ့သူ အသုံးချလို့ရတယ်။
"Don't laugh at me, Kan Kaung. We can use any technique in its own field."
ဒါနဲ့...မင်းကကော... ကျောင်းပိတ်ရက်မှာဘာ သင်တန်းတွေတက်နေ လဲ...
"By the way, what class do you attend?"
အပိုတွေပါကွာ... ဘာသင်တန်းမှမတက် ဘူး... အိမ်မှာပဲစားလိုက် အိပ်လိုက်နဲ့ဇိမ်ယူ နေတယ်...ဟီး...
"This is a sheer waste of time. I don't attend any class. I eat and sleep comfortably at home."
ဪ...အေးအေး... သူငယ်ချင်းငါ့သင်တန်းချိန် နီးလို့သွားတော့မယ်နော်
"Aww, I will go as the class time is near."
ကြွ...ကြွ မြန်မြန်ကြွ
"Go, go quickly."


နောက်တစ်နေ့...
The next day,
ကံကောင်းနှင့်မေတန်ဆောင်မုန်း တို့ပါလား...ဝတ်ကောင်းစားလှ တွေနဲ့ဘယ်သွားကြမလို့လဲ...
"Kan Kaung and May Tazaungmone, you are wearing fine clothes. Where are you going?"
ကိုမောင်နှမကမြို့ပေါ်က ဘုရားတွေအစုံလိုက်ဖူး ကြမယ်...
"We are going to visit pagodas in the city."
တိရစ္ဆာန်ရုံ၊ ဟက်ပီးဝေါလ်၊ အို...အစုံပဲ သွားမယ်...မင်းကောလိုက်အုံးမလား
"Zoo, Happy world and all. We are going. Do you come along with me?"
မလိုက်တော့ပါဘူးကွာ...နောက်တစ်ရက် နှစ်ရက်ဆို ငါ့သင်တန်းကပြီးပြီကွ... ဒါကြောင့်ပါ...
"I don't. My class will be over during one or two days."
အသီးသီးနှုတ်ဆက်ကာလမ်းခွဲကြပြီးနောက်...
After saying good-bye, they parted.


မကြာမီ...
Soon,
ဟား..
"Ha!"
လုပ်...လုပ်ကြပါအုံး ပိုက်ဆံအိတ်နဲ့ဖုန်းလုပြေးသွားလို့ပါ...
"Help me! My purse and phone have been robbed."
ဟင်! ဒီဘက်ကိုပြေးလာနေပါလား...ဒီတော့...
"Hum! He is coming here!"
အား:
"Err!"
ကဲကွာ
"Take it"
ယစ်
"Yit!"
ဂွတ်
"Kwut!"
ခဏအကြာ..လူအများစုပြုံရောက်ရှိလာကြပြီးအလစ်သမားကိုနီးစပ်ရာရဲစခန်းသို့ခေါ်သွားကြ၏။
After a little while, many people crowded them and the snatcher was taken to the nearest police station.


ကျေးဇူးတင်ပါတယ်ဇော်ထက်အောင်ရယ်... မင်းကယ်ပေးလို့ညီမလေးဖုန်းနဲ့ငါ့ပိုက်ဆံအိတ် ပြန်ရတာ...ဟီး
"Thank you, Zaw Htet Aung. Because of your help, my sister's phone and purse has been regained."
ရပါတယ်ကံကောင်းရယ်...မင်းတို့ မောင်နှမမဟုတ်လဲ ငါ့ရဲ့ရှေ့မှာ...
"Never mind, Kan Kaung. Before me, you siblings ...."
လေးစားတယ်သူငယ်ချင်း ရယ်...
"I respect you, my friend."
ဘယ်သူမဆို... မတရားတာတွေ့ရင် ကူညီရမှာပဲသူငယ်ချင်း ကဲ... ငါသွားပြီနော်...
"I must help anyone if I see an unfair case I'm going now."
ကံကောင်းတစ်ယောက် ဇော်ထက်အောင်၏ရဲရင့်မှုနှင့်သူ့သင်ထားသောပညာကိုမလေးစားဘဲ မနေနိုင်တော့။ယခုနှစ်နွေရာသီ၌သင်တန်းတစ်ခုခုကိုတက်ရန်ကံကောင်းဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။
Kan Kaung respected Zaw Htet Aung's courage and his skill. Kan Kaung was determined to attend a certain class this summer.
ပြီး


# တေဇတို့ရွတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင်

# ချစ်ဖွယ်ကဗျာများ(၁၁)

ဇော်မြင့်နီ

တေဇကလေးတို့ရေ...တေဇကလေးတို့ ရွတ်ဆိုကြဖို့ ဦးဦး ကဗျာလေးတွေစုပြီး ရေးကူးပေးထားပါတယ်။ ဒီကဗျာလေးတွေက သဘာဝပတ်ဝန်းကျင်အကြောင်း ရေးဖွဲ့ထားတဲ့ကဗျာလေးတွေပါ။ ကဗျာလေးတွေကို ရှေးခေတ်စာဆိုတော်ကြီးတွေက ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ အခုလမှာတော့ စာဆိုတော်စိန္တကျော်သူ ဦးဩရဲ့ကဗျာလေးတွေ ရွတ်ဆိုကြပါစို့ကွယ်။ ဒီကဗျာလေးတွေကိုတော့ စာဆိုတော်ကြီး ရေးဖွဲ့ခဲ့တဲ့ ကျမ်းစာတွေ၊ ပျို့တွေ၊ ရတုတွေထဲက ရွေးချယ်ကောက်နုတ်ပြီး ဖော်ပြတာဖြစ်ပါတယ်။

တေဇကလေးတို့ရေ... သဘာဝပတ်ဝန်းကျင်ဆိုတာ တေဇကလေးတို့အနီးမှာရှိတဲ့ ရေ၊ မြေ၊ လေ



နဲ့ ဇီဝတို့ကို ပြောတာပါ။ ဇီဝဆိုတာက သစ်ပင်တွေ၊ သတ္တဝါတွေကို ပြောတာပါ။ လူလဲ အပါအဝင်ပေါ့ကွယ်။ စာဆိုတော်ကြီးရဲ့ စာကဗျာတွေမှာ ရေ၊ မြေ၊ လေဇီဝနဲ့ပတ်သက်ပြီး သတိထားစရာ၊ မှတ်သားစရာတွေ တွေ့ရတယ်။ တေဇကလေးတို့ ဦးဦးနဲ့အတူရွတ်ဆိုရင်း ပျော်ပျော်ရွှင်ရွှင် လေ့လာကြရအောင်နော်။

ရေနဲ့ဆိုင်တဲ့ကဗျာလေးတွေ အရင်ရွတ်ဆိုကြပါစို့။

ပန်းလောင်ကိုစုန်၊ ယဉ်သုန်သုန်၊ စမုန်ရေဖွေးဖွေး။

ချောင်းရိုးလည်းကန်း၊ ရေလည်းခန်း၊ ငမန်းမနေပေ။

သဲရေမြစ်ကမ်း၊ ယိုသည့်စမ်း၊ ထွက်လျှမ်းခုခုအိုင်။

မသင့်သောက်ရေ၊ ဆတ်ဆတ်ချေ၊ လက်ခြေတယမ်းယမ်း။

ဒီသံပေါက်ကဗျာလေးတွေကို တေဇကလေးတို့ သူငယ်ချင်းတွေနဲ့ဆုံတွေ့တဲ့အခါ စုပေါင်းပြီးရွတ်ကြည့်စေချင်တယ်။ ပျော်လဲပျော်ရ ပညာလဲတိုးမှာပေါ့ကွယ်။ စာလုံးပေါင်းသတ်ပုံလဲ အမှန်သိရတာပေါ့။ ကဗျာထဲမှာတွေ့ရတဲ့ ပန်းလောင်၊ စမုန်ဆိုတာ မြစ်အမည်တွေပါ။ ကျောက်ဆည်ဘက်မှာ ရေတဖွေးဖွေးနဲ့ တသုန်သုန်စီးဆင်းနေတဲ့မြစ်တွေပါ။ တေဇကလေးတို့ရေ ရေတွင်း ရေကန်အနီးမှာ နှာချေတာချောင်းဆိုးတာတွေမလုပ်ရဘူး။ သောက်ရေအနည်ထမှာ ညစ်ပတ်မှာစိုးလို့ လက်ခြေတယမ်းယမ်းမလုပ်ကြရဘူးတဲ့။

ဒီတစ်ခါ မြေနဲ့ဆိုင်တဲ့ကဗျာလေးတွေ ရွတ်ဆိုကြပါစို့။

မြစ်ကိုင်းသာထွန်း၊ အလယ်ကျွန်း၊ ပတ်ဝန်းယဉ်တွေတွေ။

မြစ်နားကိုင်းကျွန်း၊ သဲပြင်ထွန်း၊ လုပ်ငန်းတုပါစေ။

ကုန်းခင်မြေကျုတ်၊ အချွတ်ချွတ်၊ ညောင်ကြတ်စိုက်မရှင်။

တေဇကလေးတို့ရေ…မြစ်ချောင်းတွေဟာ မိုးအခါမှာ နုန်းမြေတွေ ပို့ချလေ့ရှိတယ်။ နွေရောက်တဲ့အခါ ရေနည်းသွားပြီး သဲသောင်တွေ ဖြစ်ပေါ်လာလေ့ရှိတယ်။ အဲဒီလိုနဲ့ ကိုင်းတို့ ကျွန်းတို့ ပေါ်ထွန်းလာကြတာ ဖြစ်ပါတယ်။

တောင်သူဦးကြီးတွေက ကိုင်းတွေ ကျွန်းတွေထဲမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ အပြိုင်လုပ်ကြရတာပေါ့ကွယ်။ မြစ်ရယ်၊ ချောင်းရယ်၊ စိုက်ခင်းရယ်နဲ့ ကိုင်းကျွန်းပတ်ဝန်းကျင်က သာသာယာယာဖြစ်နေပုံကို တေဇကလေးတို့မြင်ယောင်ကြမှာပါနော်။

အခုတစ်ခါ မိုး၊ လေ၊ နေရောင်ခြည်တို့နဲ့ပတ်သက်တဲ့ကဗျာလေးတွေ ရွတ်ဆိုကြအုံးစို့။

ညင်းညင်းလေပြည်၊ လာဘ်သည်၊ ချမ်းကြည်တဓေ။

စပါးနေဟုန်၊ လှန်းပါကုန်၊ မအုန်မအောက်သေး။

နေရောင်ဖြိုးလျှံ၊ မိုးသက်တံ၊ တိမ်ယံထုတ်ချင်းပဲ။

အခုတစ်ခါ သစ်တောသစ်ပင်နဲ့ပတ်သက်တဲ့ကဗျာလေးတွေ ရွတ်ဆိုကြအုံးစို့။

သက်ငယ်တစ်ပုံ၊ ဝါးတစ်ရုံ၊ ရိပ်မြုံချမ်းသာအေး။

ဘူးနှင့်ဖရုံ၊ ပွင့်အာငုံ၊ တဲအုံမဆောက်သေး။

ရန့်မပြယ်၊ ပန်းစံပယ်၊ ခက်သွယ်နှာမောင်းဖြာ။

သစ်ကြားသစ်အယ်၊ စားချင်ဖွယ်၊ ထားဝယ်မြို့ကျေးမှာ။

စည်းခြံပိတ်ပိတ်၊ ပုဏ္ဏရိက်၊ ဖြတ်ဆိတ်ဖူးညွန့်လွင်။

အရွက်စိပ်စိပ်၊ ခက်သိပ်သိပ်၊ လမ်းထိပ်ပညောင်ပင်။

တေဇကလေးတို့ ကဗျာလေးတွေရွတ်ရင်း သစ်ပင်ပန်းပင်လေးတွေရဲ့ သဘာဝကိုသတိပြုမှတ်သားကြရမယ်။

သစ်ပင်ဝါးပင်ရဲ့အကျိုးကျေးဇူးကြီးပုံကိုလဲ တန်ဖိုးထားကြရမယ်နော်။

အခုတစ်ခါ သတ္တဝါလေးတွေနဲ့ပတ်သက်တဲ့ကဗျာလေးတွေ ရွတ်ကြအုံးစို့။

မိုးကိုမပျံ၊ ပိုးဖလံ၊ မီးလျှံမသင့်ဘဲ။

ငါးထီးငါးပျံ၊ ငါးဟင်းငံ၊ မြစ်ယံတသဲသဲ။

နှမ်းပွတ်ဆုံကျည်၊ နွားနှင့်လည်၊ စက်ရှည်မြင့်လှဝေး။

မိဂဒါဝုန်၊ မဟာဝုန်၊ မြူးခုန်သာငှက်ကျေး။

စာဆိုတော်ကြီးက သတ္တဝါလေးတွေရဲ့အလေ့အထသဘာဝကို မှတ်တမ်းထားခဲ့တာကို တေဇကလေးတို့ ရွတ်ဖတ်ရင်း သတိပြုမိမှာပါ။ ပိုးဖလံလေးတွေဟာ မီး

ရောင်ကိုမြင်ရင် အလွန်ပျော်ရွှင်တတ်ကြသတဲ့။ ငါးထီး၊ ငါးပျံနဲ့ ငါးကြင်းငါးတွေဟာ ရေမျက်နှာပြင်မှာ တလွှားလွှားနေတတ်ကြသတဲ့။ တေဇကလေးတို့ လေ့လာကြည့်ကြပါအုံးကွယ်။

စာဆိုတော်ကြီးဟာ တေဇကလေးတို့ လိမ္မာရေးခြားရှိအောင်–

'နှုတ်မင်္ဂလာ၊ စကားမှာကား၊ အသာအချို၊ သူနာလိုအောင်၊ မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏' ဆိုပြီး လမ်းညွှန်ခဲ့သေးတယ်။

ဒီလိုကဗျာလေးတွေရေးခဲ့တဲ့ စာဆိုတော်ကြီးဟာ ၁၈ ရာစုအလယ်ပိုင်းလောက်က ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။

စာဆိုတော်ကြီးရဲ့ အမည်ရင်းက ဦးသြဖြစ်ပါတယ်။ အဖ ဦးဇေယျ၊ အမိ ဒေါ်ပုတို့က မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာမှာ ဖွားမြင်ခဲ့ပါတယ်။ မြန်မာနှစ် ၁၀၉၈ ခုမှာ မွေးဖွားပြီး ၁၁၃၃ ခုမှာ ကွယ်လွန်ခဲ့ပါတယ်။ ဦးသြဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ကဗျာဉာဏ် စာဉာဏ်ထူးချွန်လှသူမို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက စိန္တကျော်သူဘွဲ့ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာစာပညာရှိပါမောက္ခ ဦးဖေမောင်တင်က ဦးသြကို 'ဗဟုသုတနဲ့ပြည့်စုံသူ၊ စိန္တကျော်သူဘွဲ့နဲ့ အလွန်ထိုက်တန်သူဖြစ်တယ်'လို့ မှတ်တမ်းထားခဲ့ပါတယ်။ တေဇကလေးတို့ရွတ်ဆိုခဲ့တဲ့ သံပေါက်ကဗျာလေးတွေဟာ စာဆိုတော်ကြီး အသက် ၁၅ နှစ်မှာ ရေးခဲ့တာလို့သိရပါတယ်။ စာဆိုတော်ကြီး ဉာဏ်ကောင်းပုံကို လက်တွေ့သိရပြီး သုံးသပ်နိုင်တာပေါ့ကွယ်။

တေဇကလေးတို့ကလဲ ဉာဏ်ကောင်းပြီးသားမို့ စာဆိုတော်ကြီးလို ထူးချွန်အောင် စာဆိုတော်ကြီးရဲ့ ကဗျာလေးတွေကို မြတ်မြတ်နိုးနိုး ရွတ်ဆိုကြရမယ်နော်။ ။

**ဇော်မြင့်နီ**

**စာကိုး–**

၁။ မြန်မာစာပေခရီး၊ မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၄၊ ရာပြည့်စာပေ။
၂။ မြန်မာစာပေသမိုင်း၊ ဦးဖေမောင်တင်၊ စပယ်ဦးစာပေ။
၃။ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မောင်သုတ၊ ၂၀၀၂၊ ရာပြည့်စာပေ။
၄။ ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်း၊ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)တည်းဖြတ်၊ ၁၉၆၁၊ မြဇော်ပုံနှိပ်တိုက်၊ မန္တလေး။

စာမျက်နှာ (၃၂) မှအဖြေ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 2 | 3 | 5 | 4 | 8 | 1 | 9 | 7 | 6 |
| 8 | 6 | 4 | 9 | 5 | 7 | 3 | 1 | 2 |
| 1 | 9 | 7 | 2 | 3 | 6 | 5 | 4 | 8 |
| 6 | 7 | 1 | 5 | 2 | 8 | 4 | 3 | 9 |
| 3 | 5 | 9 | 6 | 1 | 4 | 2 | 8 | 7 |
| 4 | 8 | 2 | 3 | 7 | 9 | 6 | 5 | 1 |
| 9 | 1 | 6 | 8 | 4 | 3 | 7 | 2 | 5 |
| 7 | 2 | 3 | 1 | 6 | 5 | 8 | 9 | 4 |
| 5 | 4 | 8 | 7 | 9 | 2 | 1 | 6 | 3 |

# မြန်မာဝေါဟာရကဗျာများ

တင်လင်းဇော်

## ရွက်ပုန်းသီးလူငယ်

'ပုန်းညက်ပင်'ရိပ် ဝင်ခိုပေ
'ပုန်းလျှိုးကွယ်လျှိုး' နေ။

'ခြေပုန်းခုတ်သူ' 'တောပုန်း'များ
'ကင်းပုန်းချ'လို့ထား။

'လက်သီးပုန်း'နဲ့ ညားရမယ်
'ရွက်ပုန်းသီး' လူငယ်။

'သင်ပုန်းချေ'မယ် မဆိုနဲ့
'ခြုံပုန်းကောင်'တွေရဲ့။ ။

## ဣန္ဒြေမရယ အလျင်စလို

'ပျာယီးပျာယာ' 'ပြူးတူးပျာ'
အတူတူပဲဗျာ။
အလျင်စလိုသာ အဓိပ္ပာယ်ရှိ
အလွယ်မှတ်ဖို့သိ။

'ပျာလောင်ခတ်'၏ အဓိပ္ပာယ်
'ပျာယာခတ်' ပဲကွယ်။
အရေးတယူရယ် ပျူငှာတော့
'ပျာပျာသလဲ'ပေါ့။

'မျက်ကလဲဆန်ပျာ' 'ထိတ်ထိတ်ပျာ'
အဓိပ္ပာယ်တူစွာ။
'သုတ်သီးသုတ်ပျာ' ဟူသည်က
သွက်သွက်မြန်မြန်ဗျ။

ဣန္ဒြေမရ အလျင်စလို
'ပျာ'၏ အဓိပ္ပာယ်ဆို။
တိုတိုမှတ်ရန် လွယ်ပါရဲ့
'ရေးကြီးသုတ်ပျာ'တဲ့။ ။

## စပယ်ယာလေး

တော်လိုက်ပါတဲ့ 'စပယ်ယာ'။

'လက်လွတ်စပယ်' သူမပြော
သဘောမနောချိုသာ။

'တောရမ်းပယ်ဖွဲ့'မဆိုပါ
'အလျှံပယ်'သာ ကူညီပေး။

'ပန်းစံပယ်' ရနံ့သင်းသလို
ကောင်းသတင်းကြိုင်မွှေး။ ။

## ပြာ ဇာတ်လမ်း

'ငွေကုန်သံပြာ' 'မျက်စိပြာ'
'ပြာသိုလ' ထဲမှာ။
'အသံပြာ'တာ ပါသေးလား
မကြည်လင် မှုန်ဝါးဝါး။

'လိပ်ပြာစဉ်'မလား ထင်မှားဖွယ်
မျက်စိဆေးတွေရယ်။
ရှိတာရောင်းကွယ် ဆေးကုသ
'ဖြူခါပြာခါကျ'။ ။

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



ဆလိုင်းခန့်ကျော်စွာ
ဧကာဒသမတန်း
အ–ထ–က(အိုးဘိုကုန်း)၊
ပေါက်ခေါင်းမြို့နယ်၊
ပဲခူးတိုင်းဒေသကြီး။

# ဇွဲကိုရင်းလျှင် အောင်ပွဲဆင်

မြန်မာအဘိဓာန်တွင် 'ဇွဲ'ဟူသည် 'အလုပ်တစ်ခုခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သော သတ္တိ'ဟူ၍ ဖွင့်ဆိုထားပါသည်။ လူတိုင်းလူတိုင်းသည် အလုပ်တစ်ခုကိုလုပ်ဆောင်ပါက မည်သည့် အခက်အခဲများရှိသည်ဖြစ်စေ မိမိရည်ရွယ်တာပြီးဆုံးသည်အထိ လုပ်ဆောင်ရပေမည်။ 'ဇွဲ'ဟူသောဝေါဟာရတွင် မဆုတ်မနစ်သောသဘော၊ စွဲစွဲမြဲမြဲလုပ်ဆောင်တတ်သောဂုဏ်ရည်၊ အားပျော့စိတ်လျှော့ခြင်းမရှိသော အရည်အသွေးများ ပါဝင်ဖွဲ့စည်းထားသည်။ လူ့လောကကို အကျိုးပြုပြီး အောင်မြင်သောလူသားတစ်ဦးအဖြစ် ရပ်တည်ခဲ့သူများကို လေ့လာကြည့်လျှင် ဇွဲကောင်းကောင်းဖြင့် အခက်အခဲများကိုကျော်လွှားနိုင်ခဲ့သူများဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် အောင်မြင်လိုသူတိုင်း ဇွဲရှိရန်လိုအပ်ပါသည်။

ဇွဲနှင့်အနှစ်သာရချင်းတူညီသော အရည်အချင်းများမှာ 'လုံ့လ'ဟူသော ကြိုးစားအားထုတ်ခြင်းနှင့် 'ဝီရိယ'ဟူသော ကြိုးစားအားထုတ်မှုတို့ဖြစ်သည်။ ထို့ကြောင့် မြန်မာမှုနယ်ပယ်တွင် လောကီလောကုတ္တရာအဖြာဖြာ၌ အကျိုးခံစားမှုရရှိစေနိုင်ရန် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို အရင်းတည်ကြိုးစားဆောင်ရွက်ရန် ဆုံးမလမ်းညွှန်ခဲ့ကြသည်။ ဇွဲသည် လူတိုင်းတွင် မရှိမဖြစ်လိုအပ်သော ဆောင်ရွက်ကျင့်သုံးရမည်ဖြစ်သော လူ့စွမ်းရည် လူ့အားမာန်တစ်ရပ်ဖြစ်သည်။ လူ့ကိစ္စများတွင် အောင်မြင်ရန် ဇွဲအရေးကြီးပုံကို 'ဇွဲရှိမှ အောင်နိုင်မည်'ဟူသော စာသားဖြင့် ကိုလိုနီခေတ်တေးသီချင်းတစ်ပုဒ်တွင် တပ်လှန့်သံပေးခဲ့သည်။ ဇွဲကိုရင်းလျှင် အောင်ပွဲဆင်နိုင်မှုကို ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားလမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး မလျှော့သောဇွဲလုံ့လဖြင့် ပါရမီဖြည့်ဆည်းခဲ့ပါသည်။ ဘုရားအဖြစ်သို့ရောက်ရှိတော့မည့် နောက်ဆုံးဘဝတွင်လည်း မင်းစည်းစိမ်၊ ဇနီးနှင့်သားတို့ကို စွန့်လွှတ်၍ ခြောက်နှစ်တိုင်တိုင် ခက်ခဲပင်ပန်းလှသော ဒုက္ကရစရိယာအကျင့်ကို ဇွဲလုံ့လအရင်းတည်လျက် ကျင့်ကြံခဲ့သောကြောင့် ဂေါတမမြတ်စွာဘုရားအဖြစ်သို့ရောက်ရှိခဲ့ရပေသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် တစ်ခုအပါအဝင်ဖြစ်သော မဟာဇနကဇာတ်တော်ကြီးသည် ဇွဲရှိခြင်း၏အကျိုးကိုဖော်ပြသော ဇာတ်တော်တစ်ခုပင်ဖြစ်သည်။ ကုန်ကူးသွားရင်း သင်္ဘောမှောက်ကာ ဒုက္ခရောက်နေချိန်၌ ကျန်သူအားလုံး ဇွဲလျှော့သူလျှော့၊ ငိုသူငို ဖရိုဖရဲဖြစ်နေချိန်တွင် ဇနကမင်းသားက ရွက်တိုင်ပေါ်သို့တက်၍ အဝေးဆုံးသို့ရောက်အောင်ခုန်ဆင်းကျော်ဖြတ်ခဲ့သည်။ ထို့နောက် အပြောကျယ်သော ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်တွင် မလျှော့သောဇွဲလုံ့လဖြင့် ခုနစ်ရက်တိုင်တိုင်ကူးခပ်နေခဲ့ပါသည်။ ဇနကမင်းသားနှင့်အတူပါလာသော သင်္ဘောသားခုနစ်ရာမှာ ဇွဲလုံ့လမရှိသောကြောင့် ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးခဲ့ကြရသည်။ မဟာဇနကမင်းသား၏ဇွဲလုံ့လကြောင့် မေခလာနတ်သမီး၏ ကယ်တင်ခြင်းခံရပြီး အသက်ဘေးမှလွတ်မြောက်ခဲ့ရသည်။ ဤသည်မှာ ဇွဲလုံ့လတို့၏အကျိုးတရားများပင်ဖြစ်သည်။

လူသားတို့၏ဇွဲလုံ့လကို အရင်းတည်ကာ မဆုတ်မနစ်ကြိုးပမ်းခဲ့၍သာ ယနေ့စက်မှုခေတ်၊ ကွန်ပျူတာခေတ်သို့ရောက်ရှိခဲ့ပြီး တောတောင်အသွယ်သွယ်ဖြတ်ကာ လမ်းဖောက်၊ မြစ်ချောင်းအသွယ်သွယ်ကိုဖြတ်ကာ တံတားဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ပုဂံ

ခေတ်ကျစွာမင်းကြီးလက်ထက်က အသက် ၆၀ ကျော် ရဟန်းကြီး တစ်ပါးသည် တစ်နေ့တံပူတစ်ချောင်း စာ စာပေကျမ်းဂန်ကျက်မှတ်အံ့ဟု ဆိုကာ ကျစွာမင်းကြီးထံ ကံ့ကူဆံ အလှူခံခဲ့သည်။ ထိုအခါ ကျစွာ မင်းကြီးက 'ကျည်ပွေ့အတက်ပေါက်မှ စာတတ်လိမ့်မည်'ဟု သရော်ခဲ့ သည်။ သို့သော် ရဟန်းကြီးသည် စာပေကျမ်းဂန်များကို ဖွဲ့ရှိစွာဖြင့် နေ့စဉ်လေ့လာသင်ယူကျက်မှတ် ရာ ရှင်ဒိသာပါမောက်အမည်ဖြင့် ကျမ်းတတ် ပုဂ္ဂိုလ်ကျော်တစ်ဦး အဖြစ်ရောက်ရှိခဲ့ပါသည်။

ဖွဲ့လုံ့လရှိခြင်း၏အကျိုး ကျေးဇူးကြောင့် အောင်ပွဲဆင်နိုင်ခဲ့ သော်လည်း ဖွဲ့လုံ့လအားနည်းပါက အရှုံးနှင့်ရင်ဆိုင်ရပေမည်။ ယုန်နှင့် လိပ်ပုံပြင်သည် ဖွဲ့ရှိသူနှင့်ဖွဲ့မရှိသူ ကို ရည်ညွှန်းရာတွင် ထင်ရှားသော ပုံပြင်တစ်ပုဒ်ဖြစ်သည်။ မိမိ၏ အစွမ်းအစကို အားကိုးပြီး ဖွဲ့မရှိဘဲ အိပ်နေသောယုန်နှင့် ကိုယ်စွမ်း ကိုယ်စနေ့ကွေးသော်လည်း ဖွဲ့ကို အရင်းတည်ကာ ကြိုးစားသောလိပ် တို့၏အပြေးပြိုင်ပွဲတွင် ဖွဲ့လုံ့လရှိ သော လိပ်ကသာ အနိုင်ရရှိသွားပါ သည်။ ကျွန်တော်တို့ငယ်စဉ်က သင်ကြားခဲ့ရသော ပုရွက်ဆိတ်နှင့် နှံကောင် ပုံပြင်မှ ပုရွက်ဆိတ်၏ ဖွဲ့ရှိမှုအကျိုး၊ နှံကောင်၏ဖွဲ့မရှိသူ အဖြစ် လမ်းညွှန်မှုများသည် 'ဖွဲ့ကို ရင်းလျှင် အောင်ပွဲဆင်'၏ ထင်ရှား သောသာဓကတစ်ရပ်ဖြစ်သည်။

ရှေးအခါက အင်္ဂလိပ်ဘုရင် ကြီးဘရုစ်သည် စစ်ရှုံးပြီးထွက် ပြေးရာ မိမိလူများနှင့်ကွဲသွားပြီး ကျောက်ဂူကြီးတစ်ခုထဲ၌ ပုန်းအောင်း နေခဲ့ရသည်။ ပင်ပန်း၍ စိတ်ဓာတ် လည်း အလွန်ကျနေခဲ့သည်။ ထိုသို့ စိတ်ပျက်လက်ပျက်နှင့် ပက်လက်လန် လှဲနေချိန်တွင် သူ၏မျက်နှာပေါ်သို့ ပင့်ကူတစ်ကောင်ကျလာခဲ့သည်။ ပင့်ကူသည် အောက်သို့မရောက်မီ သူ၏အမျှင်များဖြင့် ကျောက်ဂူ မျက်နှာကြက်ပေါ်သို့ တွယ်တက်သွား ခဲ့သည်။ မကြာမီအချိန်မှာပင် ပြန် ၍ကျလာပြန်သည်။ ရှေးနည်းအတိုင်း ပင် ဒုတိယအကြိမ်တက်သွားပြန် သည်။ ထိုသို့ဖြင့် ကိုးကြိမ်တိုင် ပြန် ကျသော်လည်း နောက်ဆုံးတွင် မျက်နှာကြက်ပေါ်သို့ ပြန်ရောက် သွားခဲ့သည်။ ဤအခြင်းအရာကို ကြည့်ပြီး ဘုရင်ကြီးသည် ပင့်ကူ တစ်ကောင်၏ မလျှော့သောဖွဲ့လုံ့လ ကို အတုယူ၍ပြန်လည်ကြိုးစားခဲ့ ရာ ထီးနန်းပြန်လည်ရရှိခဲ့သည်။ 'ဖွဲ့ကိုရင်းလျှင် အောင်ပွဲဆင်'သော သာဓကပင်ဖြစ်ပါသည်။

ဖွဲ့ကိုရင်းလျှင် အောင်ပွဲဆင် နိုင်မှုကို ကဗျာဆရာမကြီး ဌေတာရီ ၏ 'သူရဲကောင်းသုံးယောက်နှင့် ခရီးသည်'ကဗျာတွင် အထင်အရှား လေ့လာသိရှိနိုင်ပါသည်။ ထိုကဗျာ တွင် လောကလူသားတို့သည် ကန္တာရ တွင် ဖြတ်သန်းနေရသော အဖော်မဲ့ ခရီးသည်နှင့်တူကြောင်း၊ ထို့ကြောင့် အဖော်မပါဘဲ ကန္တာရခရီးလမ်း တည်းဟူသော ဘဝခရီးလမ်းကို ဖြတ်သန်းရသည်မှာ 'မကြောက်ဘူး လား'ဟု မေးထားပါသည်။ သို့သော် ခရီးသွားယောကျ်ားကောင်းက သူ့ တွင် ဖွဲ့၊ လုံ့လ၊ သတ္တိဟူသော အဖော် ကောင်းများရှိနေသဖြင့် ဘယ်အရာမှ မကြောက်ကြောင်း ပြန်ဖြေထားပုံဖြင့် ကဗျာဖွဲ့ထားရာ လောကတွင် ဖွဲ့သည် ခရီးသွားဖော်မိတ်ဆွေကောင်းဖြစ် ကြောင်း ဖော်ညွှန်းနေပါသည်။

ဖွဲ့၏ရန်သူကား ပျင်းရိခြင်းပင် ဖြစ်သည်။ ဖွဲ့ဟူသည် ထက်မြက်စွာ သွေးထားသော သံမဏိဓားမျိုးဖြစ် သည်။ ပျင်းရိခြင်းဟူသည် သံချေးကို သွေးထားသောဓား၊ သံချေးတက်နေ သောဓားမျိုးဖြစ်သည်။ ဖွဲ့ကို အကျိုး ရှိရှိအသုံးချ၍ ဆောင်ရွက်တတ်လျှင် အောင်ပွဲဆင်နိုင်ကြောင်းကို ပညာ သင်ကြားခြင်း၊ ကုန်သွယ်လယ်လုပ် ခြင်း လုပ်ငန်းများတွင် ဖွဲ့သတ္တိဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ရမည်။ သို့သော် ပိုးစုန်းကြူးကို မီးပွားထင်၍ မီးတောက်အောင် အစွမ်းကုန်မီးမှုတ် နေသော ဖွဲ့မျိုးသည်ကား အကျိုးမဲ့မှု ဖြစ်သည်။

မြန်မာရာဇဝင်တွင် ဝန်ဇင်း မင်းရာဇာသည် မူလက သာမန် လယ်သမား၊ ယာသမားတစ်ဦးသာ ဖြစ်သည်။ အားချိန် နားချိန်တို့တွင် စာတိုပေစများကို ဖွဲ့နပဲကြီးစွာဖြင့် အမြဲမပြတ်ဖတ်မှတ်လေ့လာသဖြင့် အများက 'စာတိုညို'ဟုပင် ခေါ်ဝေါ် ခြင်းခံရသူဖြစ်သည်။ ထိုစဉ် ဘုရင် မေးသောပြဿနာကို ပညာရှိအမတ် များက မဖြေရှင်းနိုင်ခဲ့ဘဲ စာတိုညို က အကျိုးအကြောင်း အထောက် အထားနှင့်တကွ ရှင်းပြနိုင်ခဲ့သည်။ ထို့ကြောင့် မင်းကြီးက 'ဝန်ဇင်းမင်း ရာဇာ'ဟူသောဘွဲ့ကိုပေးကာ ပညာရှိ အမတ်အဖြစ် မြှောက်စားခဲ့သည်။

မြန်မာ့သမိုင်းတွင်လည်း 'ဘုရင့်နောင်ဖောင်ဖျက်'ဟူသော စကားရှိပါသည်။ ဘုရင့်နောင်သည် နောင်ရိုးတိုက်ပွဲတွင် မိမိထက် စစ်သည် အင်အားများသော မွန်တပ်ကြီးကို တိုက်ခိုက်ရာတွင် ဖွဲကိုအဓိကထား၍ တိုက်ခိုက်ခဲ့သည်။ ဖွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် တိုက်ခိုက်ရာ နောက်ဆုံးတွင် အလွန်အင်အားကြီးမားသော မွန်တပ်ကြီးကိုအောင်နိုင်ခဲ့သည်။

ထိုနည်းတူစွာပင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မြန်မာပြည်သူတို့နှင့် လက်တွဲကာ နယ်ချဲ့တို့ကို ဖွဲဖြင့် တိုက်ခိုက်ခဲ့သောကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်က တိုင်းသူပြည်သားများကို အလုပ်လုပ်ရာ၌ ဖွဲရှိရှိလုပ်ကိုင်ကြရန် 'ဘာပဲလုပ်လုပ် ပြီးတဲ့အထိ မလျှော့သော ဖွဲနဲ့လုပ်ပါ၊ လုံ့လစိုက်ထုတ်တဲ့နေရာမှာ ခြင်္သေ့မင်းကို ဥပမာထားပါ' ဟု မိန့်ကြားခဲ့သည်။

'အရိပ်မလာခင် နေပူကစောင့်'၊ 'တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ'၊ 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်'၊ 'အနာခံမှ အသာစံရမည်'၊ 'တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလှေအောက်'၊ 'မဖြစ်နိုင်တာမရှိမဖြစ်သေးတာသာရှိသည်'၊ 'တက်မရှိလက် ထိုးလှော်မည်'၊ 'လှေခွက်ချည်းကျန် အလံမလှဲ' စသည့်ဆိုရိုး၊ စကားပုံ အဆိုအမိန့်ပညာရှိစာဆိုတို့၏ စကားများသည် 'ဖွဲကိုရင်းလျှင် အောင်ပွဲဆင်'နိုင်ကြောင်းကို ဖော်ပြနေပါသည်။

ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်ကိုတင်ပြရလျှင် ကျွန်တော် အဋ္ဌမတန်းတက်ရောက်နေစဉ်ဖြစ်သည်။ အဋ္ဌမတန်းသည် အစိုးရစစ်စာမေးပွဲ ဖြေဆိုရသည့်အတန်းဖြစ်သောကြောင့် စာကို အလွန်ကြိုးစားရန်လိုအပ်ပါသည်။ သို့သော် ကျွန်တော်သည် စာမကြိုးစားဘဲ ဖွဲလျှော့ခဲ့ပါသည်။ ထို့ကြောင့် အောင်စာရင်းထွက်သောအခါ အခြားသူများကဲ့သို့ ထူးချွန်စွာ မအောင်မြင်ခဲ့ပါ။ ဤသည်မှာ ကျွန်တော်သည် ဖွဲလုံ့လမရှိသူတစ်ဦးဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ ဖွဲလုံ့လမရင်းခဲ့၍ အောင်မြင်မှုမရခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ယခုအချိန်အထိ ထိုလုပ်ရပ်အတွက် နောင်တအကြိမ်ကြိမ်ရနေမိပါသည်။

ယနေ့ကာလတွင်လည်း လုပ်ရည်ကိုင်ရည်ရှိကာ ဖွဲသတ္တိပြောင်ပြောင်နှင့် ကြိုးစားသူသာလျှင် အောင်ပန်းဆွတ်ခူးကြသည်။ ကျွန်တော်တို့နေထိုင်သော အာရှတိုက်မှ ဂျပန်နိုင်ငံကိုကြည့်လျှင်ပင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင်ပါဝင်တိုက်ခိုက်ခဲ့သောကြောင့် ဆင်းရဲမွဲတေသော ဘဝသို့ရောက်ရှိခဲ့သည်။ သို့သော်လည်း မလျှော့သော ဖွဲလုံ့လတို့ဖြင့် ပြန်လည်ကြိုးစားခဲ့ရာ ယခုအခါ ကမ္ဘာ့အချမ်းသာဆုံး စီးပွားရေးထိပ်တန်းနိုင်ငံပင်ဖြစ်လာခဲ့ပါသည်။

ကျွန်တော်တို့သည် အောင်မြင်ခြင်းအသီးအပွင့်ကို ရရှိရန် ဖွဲတည်းဟူသော အခြေခံမျိုးစေ့ကိုချ၍ စိုက်ပျိုးရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ဘဝရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် ဖွဲကိုအရင်းပြုကာ မဖြစ်မနေကြိုးစားခြင်းဖြင့် မုချအောင်ပန်းဆင်နိုင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။ ကျောင်းသားဘဝကပင် ဖွဲနှင့်ယှဉ်ကာအရာရာကိုကြိုးစားသွားလျှင် အနာဂတ်ဘဝ ခရီးလမ်းအတွက် ရည်မှန်းချက်ပြည့်စုံအောင်မြင်မည်ဖြစ်သဖြင့် ဖွဲကိုဆောင်၍ အောင်ပွဲဆီသို့တက်လှမ်းနိုင်ရန် ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။ ။

**ဆလိုင်းခန့်ကျော်စွာ**

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

'ဖွဲကိုရင်းလျှင် အောင်ပွဲဆင်' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ–ထ–က(အိုးဘိုကုန်း)၊ ပေါက်ခေါင်းမြို့က မောင်ဆလိုင်းခန့်ကျော်စွာကို ပထမဆုအဖြစ်လည်းကောင်း၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့က မနှင်းနုနုအောင်ကို ဒုတိယဆုအဖြစ်လည်းကောင်း၊ Dဝေလျှံကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့က မမေစံဒီအောင်ကို တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ဖော်ပြထားပါသည်။

# သင်္ချာဉာဏ်ရည်

မဖူးဖူး

တေဇကလေးတို့ရေ . . .

အလွန်တော်တဲ့ကလေးတွေနဲ့ Sudoku ဆိုတဲ့ ဉာဏ်ရည်မြင့်ကစားနည်းလေးကို ကစားကြည့်ရအောင်။ ဒီကစားနည်းဟာ လေးထောင့်ကွက်တစ်ခုချင်းစီထဲမှာ ၁ ကနေ ၉ အထိ ဂဏန်းအားလုံးကို ပြည့်အောင်ထည့်ပေးရမှာဖြစ်တယ်။ ပထမအကွက်ထဲမှာ ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ပြီးရင် ဒုတိယအကွက်ထဲကို ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ဒီလိုနဲ့ အကွက် ၉ ကွက်စလုံး ပြည့်အောင်ဖြည့်ပြီးရင် အတန်းလိုက်ရော ဒေါင်လိုက်အကွက်လေးတွေ ၉ ကွက်စလုံးမှာပါ ၁ ကနေ ၉ အထိ ဂဏန်းတွေ မထပ်စေရဘဲဖြစ်နေရပါမယ်။

လွယ်တယ်ထင်ပေမဲ့ ဉာဏ်အတော်သုံးရမဲ့ ကစားနည်းလေးပါ။ ဂဏန်းအားလုံးဖြည့်ပြီးရင် ဘယ်အတန်းလိုက်မဆို၊ ဘယ်အကွက်ထဲမဆို အားလုံးကိုကြည့်လိုက်ရင် ၁ ကနေ ၉ အထိ ဂဏန်းတွေဟာ မထပ်ဘဲ ပြည့်စုံနေရပါမယ်။ ကစားကြည့်လိုက်ကြရအောင်။ အဖြေကို စာမျက်နှာတစ်နေရာမှာ ဖော်ပြထားပါတယ်။ ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | 3 | 5 | | | | 9 | | |
| 8 | | | | 5 | | | 1 | 2 |
| | 9 | | 2 | | 6 | | 4 | |
| 6 | | 1 | | | | | 3 | |
| | 5 | | | | 4 | 2 | | |
| 4 | | | 3 | | 9 | | | 1 |
| 9 | | 6 | | 4 | | 7 | | 5 |
| | 2 | | 1 | | | | | |
| | | | 7 | | | | 6 | 3 |

# ရှာမယ်၊ ဖြည့်မယ်

မွေး

တေဇကလေးတို့ရေ . . .

ပျောက်နေတဲ့အကောင်လေးတွေကို ရှာဖွေဖြည့်ကြရအောင်။ ဒီကစားနည်းလေးက ကလေးတို့ရဲ့ဦးနှောက်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါမယ်။ ဘယ်အရာက ဘာလဲဆိုတာ တွေးခေါ်တတ်စေလိမ့်မယ်။ ကိုင်း . . . စကြရအောင်နော်။ ။




နှောင်တေဇ

# ဝက်ပါလမ်း

တေဇကလေးတို့ရေ . . .

တစ်ကြိမ်တည်းနဲ့ လမ်းမမှားဘဲ သွားနိုင်မလား။ (တစ်ကြိမ်တည်း)နော်။ ။




# တီတီလေးနဲ့ ပုံဆွဲမယ်

TTL

**တေဇကလေးတို့ရေ . . .**

ပုံဆွဲဖို့ဝါသနာပါပေမဲ့ ဆွဲရခက်နေတဲ့ကလေးတွေ ရှိကြပါလိမ့်မယ်။ ဘာမှ သောကရောက်မနေကြပါနဲ့နော်။ တီတီလေးဖြေရှင်းပေးပါ့မယ်။ ဖော်ပြပါပုံလေးမှာ နံပါတ်ကလေးတွေနဲ့ပြထားတဲ့ အစက်ကလေးတွေကို (1)ကစပြီး အစဉ်လိုက် တစ်ဆက်တည်းရေးဆွဲသွားရင် ပုံလေးတစ်ပုံကို ရေးဆွဲပြီးသားဖြစ်သွားလိမ့်မယ်။ ဒီလိုပုံမျိုးတွေကို မကြာခဏလေ့ကျင့်ရေးဆွဲပေးရင် ပုံလေးတွေရဲ့ ပုံပန်းသွင်ပြင်ဟန်ကိုသိလာပြီး ပန်းချီရေးဆွဲရာမှာ အထောက်အကူဖြစ်လာပါလိမ့်မယ်။ ပုံဆွဲပြီးရင် ဆေးရောင်လဲ ခြယ်လို့ရသေးတယ်နော်။ ။






# ၂၀၂၄ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကျေးလက်ညနေခင်း | ၃၀-၁၁-၂၀၂၃၊ ၁၆:၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | မြန်မာ့ရိုးရာထမနဲပွဲတော် | ၃၁-၁၂-၂၀၂၃၊ ၁၆:၀၀ နာရီ |
| ၃ | မတ်လ | ဖွဲ့ကိုရင်းလျှင် အောင်ပွဲဆင် | ၃၁-၁-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၄ | ဧပြီလ | ရေသဘင်ပွဲတော် | ၂၉-၂-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၅ | မေလ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၃၁-၃-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၆ | ဇွန်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၀-၄-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၇ | ဇူလိုင်လ | ဖူးမြော်ခဲ့ရသောစေတီတော် | ၃၁-၅-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၈ | ဩဂုတ်လ | ငယ်စဉ်အခါ ပညာရှာ | ၃၀-၆-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူငယ်နှင့် ကိုယ်ကျင့်တရား | ၃၁-၇-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | မွန်မြတ်လှပဆရာ့ဘဝ | ၃၁-၈-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | လှပသာယာပြည်မြန်မာ | ၃၀-၉-၂၀၂၄၊ ၁၆:၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လှုပ်ရှားတက်ကြွလူငယ်ဘဝ | ၃၁-၁၀-၂၀၂၄၊ ၁၆:၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်-

သို့


တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၄၀၃၂၅၈၄၅၁



# အလင်း (Light) အကြောင်း သိကောင်းစရာ

ဒေါက်တာသန့်စင်(ရူပဗေဒ)

နေဟာ အလင်းထုတ်ပေးရာ ပင်ရင်းကြီးတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာဦးအစက လူတွေဟာ အလင်းရောင်ထုတ်ပေးတဲ့နေကို ကိုးကွယ်ရာတစ်ခုအဖြစ် သတ်မှတ်ကြပါတယ်။ အမှန်ကတော့ နေဟာ ဟိုက်ဒရိုဂျင်နဲ့ ဟီလီယံအက်တမ်များပေါင်းစပ်ဓာတ်ပြုကာ ပေါက်ကွဲမီးလောင်နေတဲ့အရာတစ်ခုဖြစ်ပါတယ်။ ကမ္ဘာမြေနဲ့







$149.6 \times 10^6$ ကီလိုမီတာကွာဝေးပြီး အပူချိန် ၆၀၀၀ ဒီဂရီစင်တီဂရိတ်ကျော်ခန့်ပူပါတယ်။ အဲဒီနေရာကနေထွက်လာတဲ့အလင်းရောင်ဟာ ကမ္ဘာမြေကြီးပေါ်ကိုရောက်ဖို့ အချိန်ပျမ်းမျှအားဖြင့် ၈ မိနစ်နှင့် စက္ကန့် ၂၀ ကျော်ခန့်သာ ကြာမြင့်ပါတယ်။

အခုနောက်ပိုင်းမှာ လူသားတွေဟာ




အလင်းရောင်ကိုရရှိဖို့အတွက် နည်းမျိုးစုံကြိုးစားရှာဖွေနေရာက အပင်များကို မီးရှို့ခြင်း၊ ဖယောင်းတိုင်၊ ရေနံဆီမီးခွက် စတာတွေကတစ်ဆင့် တီထွင်လာကြပြီး လျှပ်စစ်ကနေ မီးအလင်းရောင်ရရှိတဲ့အထိ တီထွင်ဖန်တီးလာနိုင်ပါတယ်။ ဒီအလင်းရောင်ကိုလေ့လာကြည့်ရာမှာ အလင်းဟာ လှိုင်းသဘာဝ (Wave nature) နဲ့ အမှုန်သဘာဝ (Particle nature) နှစ်မျိုးဆောင်နေတာကို သိရှိလာရပါတယ်။

အလင်းကို လေ့လာရာမှာ အလင်းပြန်ခြင်း (Reflection) ဆိုတာ အလင်းတန်းတစ်ခုက အလင်းပြန်မျက်နှာပြင်ပေါ်ကို ထောင့်တစ်ခုနဲ့ကျရောက်ပါက အဲဒီမျက်နှာပြင်ပေါ်မှာ တူညီတဲ့ထောင့်တစ်ခုနဲ့ အလင်းပြန်သွားတာကို တွေ့ရပါတယ်။ အဲဒါကို အလင်းပြန်နိယာမ (Laws of reflection) လို့ခေါ်ကာ ဂရိသင်္ချာပညာရှင် ယူကလစ်က စတင်လေ့လာခဲ့တာဖြစ်ပါတယ်။

၁၆၂၁ ခုနှစ်မှာ ဒတ်ချ်သင်္ချာပညာရှင် စနဲလ်က အလင်းယိုင်ခြင်း (Refraction) ကို လေ့လာခဲ့ပါတယ်။ အလင်းရောင်ဟာ သိပ်သည်းခြင်း (Density)မတူညီတဲ့ မျက်နှာပြင်တစ်ဖက်ကနေ အခြားတစ်ဖက်ကို ဖောက်သွားတဲ့အခါ မူလလမ်းကြောင်းက အလင်းယိုင်သွားပါတယ်။ ဥပမာ– လေထဲက လာတဲ့အလင်းဟာ ဖန်တုံးတစ်ခုအတွင်းဖြတ်သွားပါက အလင်းယိုင်သွားပါတယ်။ အဲဒါကို အလင်းယိုင်နိယာမနဲ့ရှင်းပြနိုင်ပါတယ်။ အလင်းယိုင်ခြင်းကြောင့် ဖန်ခွက်တစ်ခုအတွင်းရှိ အရည်အတွင်း အရည်စုပ်တံလေးကို ထည့်ထားပါက ဒီစုပ်တံလေးဟာ ကောက်နေတယ်လို့ထင်ရပါတယ်။ ရေကန်ရဲ့မျက်နှာပြင်ကို အပေါ်ကနေကြည့်ပါက မူလအနက်အောက် နက်တယ်လို့မထင်ရခြင်းကလဲ အလင်းယိုင်ခြင်းကြောင့်ဖြစ်ပါတယ်။

အလင်းဟာ မျဉ်းဖြောင့်အတိုင်း ဖြောင့်တန်းစွာသွားသော်လည်း အတားအဆီးတစ်ခုခုတွေ့ပါက အလင်းဟာ ကွေ့သွားကာ







ဘေးကို ဖြာထွက်သွားနိုင်ပါတယ်။ ဒါကို အလင်းကွေ့ခြင်း (Diffraction) လို့ ခေါ်ပါတယ်။ သုံးမြှောင့်ဖန်တုံးတစ်ခုမှာ အလင်းတန်းတစ်ခု ဖြတ်သန်းသွားပါက ရောင်စဉ် ၇ မျိုး ကွဲထွက်သွားတာ တွေ့ရတာဟာ အလင်းကွေ့ခြင်းက ဖြစ်ပေါ်လာတဲ့ အလင်းပြန့်ကျဲခြင်း (Dispersion) ကြောင့် ဖြစ်ပါတယ်။

အလင်းလှိုင်းများ တစ်ခုနဲ့ တစ်ခု ထပ်ပါက အလင်းရောင်ဟာ ပိုမိုတောက်ပခြင်း၊ မှိန်သွားခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကားချပ်တစ်ခုကို အပေါက်သေးသေးနှစ်ခု ဖောက်ပါက တစ်ဖက်က အလင်းရောင်ထုတ်ပေးပြီး အခြားတစ်ဖက်က ကားချပ်အပေါက်နှစ်ခုမှာ ဖြတ်ထွက်လာတဲ့ အလင်းတန်းနှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ပုံရိပ်ကို ဖတ်ကြည့်ပါက အလင်းဝင်းနဲ့အမှောင်ဝင်းများကို တွေ့ရပါတယ်။ အဲဒါကို အလင်းလှိုင်းထပ်ခြင်း (Interference) လို့ခေါ်ပါတယ်။

အလင်းဟာ အမှုန်သဘာဝဆောင်ပြီး ဖိုတွန် (Photon)လို့ခေါ်တဲ့ အမှုန်လေးများပါရှိတာကို သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက စတင်အမည်ပေးခဲ့ပါတယ်။ သတ္တုမျက်နှာပြင်ပေါ်ကို အလင်းရောင်ကျရောက်ပါက ဖိုတွန်အမှုန်လေးများဟာ သတ္တုမျက်နှာပြင်ရှိ အက်တမ်ရဲ့ အီလက်ထရွန်လေးများကိုရိုက်မိပြီး သတ္တုမျက်နှာပြင်ကနေ အီလက်ထရွန်လေးများ ထွက်လာကြောင်းကို ရှင်းပြခဲ့ပါတယ်။ ဒီတွေ့ရှိချက်ကို အိုင်းစတိုင်းအလင်းလျှပ်စစ်အကျိုး (Einstein photoelectric effect)လို့ခေါ်ပြီး ၁၉၂၁ ခုနှစ်မှာ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကို ဒီတွေ့ရှိချက်ဖြင့် နိုဘယ်လ်ဆုချီးမြှင့်ခဲ့ပါတယ်။

ဒီတွေ့ရှိချက်ကတစ်ဆင့် အခုအခါ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို တီထွင်လာနိုင်ပါတယ်။ အလင်းအကြောင်းကို လေ့လာခဲ့တဲ့ သိပ္ပံပညာရှင်များစွာကြောင့် အခုအခါ လူသားတွေအတွက် သိပ္ပံပညာတိုးတက်မှု အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ဒေါက်တာသန့်စင်**
**(ရူပဗေဒ)**



# နိုင်ငံတကာအထိ ကျော်ကြားလာတဲ့ အသက် ၁၄ နှစ်အရွယ် မော်ဒယ် Oh Pyeong Hwa

သန့်သူရ



တေဇကလေးတို့ရေ…

ဒီလမှာတော့ ကလေးတို့အတွက် အတုယူအားကျစရာကောင်းတဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ ဆယ်ကျော်သက်မော်ဒယ်ကောင်မလေးတစ်ဦးရဲ့အကြောင်းကို ပြောပြပေးချင်ပါတယ်။ သူကတော့ Oh Pyeong Hwa ဖြစ်ပါတယ်။ အဲဒီဆယ်ကျော်သက် မော်ဒယ်ကောင်မလေးကို ၂၀၀၉ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ အခုဆိုရင် အသက် ၁၄ နှစ်ကျော်အရွယ်သာ ရှိပါသေးတယ်။ YG KPLUS ရဲ့ မော်ဒယ်သင်တန်းသားတစ်ဦးလဲဖြစ်ပါတယ်။ သူဟာ အရပ်အမြင့် ၅ ပေနဲ့ ၁၀ လက်မရှိပြီး ဆွဲဆောင်မှုရှိတဲ့မော်ဒယ်တစ်ဦးအဖြစ် တောင်ကိုရီးယားမှာ မကြာသေးခင်ကကျင်းပတဲ့ 2023 Seoul Fashion Week မှာ အများက မှတ်ချက်ပြုခဲ့ကြပါတယ်။ Catwalkကိုမာန်ပါပါလျှောက်လှမ်းပုံက Oh Pyeong Hwa ကို အကဲဖြတ်သူများနဲ့ ပရိသတ်တွေ စိတ်ဝင်စားမှုကြီးမားစေခဲ့ပါတယ်။ သူဟာ 'အနာဂတ်မှာ သေချာပေါက်အောင်မြင်မဲ့မော်ဒယ်တစ်ဦးဖြစ်လာမယ်'လို့ Netizen အဖွဲ့က မှတ်ချက်ပြုခဲ့ကြပါတယ်။ အသက်ငယ်ရွယ်ပေမဲ့ ထက်မြက်လှပပြီး နိုင်ငံတကာအလယ်မှာ ရင်ပေါင်တန်းပွဲထွက်နိုင်ခဲ့တဲ့အထိ ကြိုးစားရပ်တည်နေတဲ့ Oh Pyeong Hwa ကို တေဇကလေးတို့လဲ အတုယူကြစေချင်ပါတယ်။ ။

သန့်သူရ

တီတီပုံပြောမယ်

# ဆယ်ဆတိုးတဲ့ကြွေအိုးကြီး

မြရတီ(ဒသနိက)

ဟိုးရှေးအခါက မုဆိုးဖိုလယ်သမားကြီးကွယ်လွန်သွားတဲ့အခါ ကျန်ရစ်ခဲ့တဲ့သားနှစ်ယောက်ဟာ ဖခင်ကြီးရဲ့ ကျန်ရစ်ခဲ့တဲ့အမွေလယ်ယာမြေကို ထက်ဝက်ခွဲဝေရယူဖို့ ဖြစ်လာတယ်တဲ့။



အဲဒီအခါ ညီအစ်ကိုနှစ်ယောက်အနက် အကြီးဖြစ်သူက လယ်ယာမြေရဲ့တောင်ဘက်အခြမ်းကိုရယူပြီး ညီဖြစ်တဲ့သူကိုတော့ မြောက်ဘက်အခြမ်းပေးလေတယ်။ ကြွယ်ဝပြီး ထွန်ယက်စိုက်ပျိုးလို့ကောင်းတဲ့ လယ်ယာမြေရဲ့တောင်ဘက်အခြမ်းကို ရယူလိုက်တာဖြစ်တယ်ကွဲ့။

ဒါကြောင့် မောင်ကြီးဟာ သက်သက်သာသာထွန်ယက်စိုက်ပျိုးနိုင်ပြီး ကောက်ပဲသီးနှံကောင်းကောင်းထွက်တဲ့အတွက် စီးပွားရေးအဆင်ပြေနေတာပေါ့ကွယ်။

မောင်ငယ်ကတော့ ကျောက်သားများတဲ့ဖုန်းဆိုးမြေကိုသာရရှိတဲ့အတွက် ပင်ပင်ပန်းပန်းထွန်ယက်စိုက်ပျိုးရပြီး ကောက်ပဲသီးနှံအထွက်ညံ့လှတာမို့ ပင်ပန်းသလောက်အကျိုးမရှိဘဲ ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်နေရရှာတာပေါ့။

ဒီလိုနဲ့ တစ်နှစ်ကုန်သွားပြီး နောက်တစ်နှစ်စိုက်ပျိုးရာသီရောက်တဲ့အခါ မောင်ငယ်က ထွန်ယက်စိုက်ပျိုးလို့ကောင်းမဲ့မြေသားတွေ ထွက်ပေါ်လာဖို့ မြေယာရဲ့အပေါ်ပိုင်းက ကျောက်ဖြုန်းတွေကုန်အောင် တူးဆွဖယ်ရှားပစ်တော့တယ်။

အဲဒီလိုနဲ့ မောင်ငယ်ဟာ ပေါက်ချွန်းတစ်လက်နဲ့ လယ်ယာမြေအနှံ့ ကျောက်ဖြုန်းတွေကို အပင်ပန်းခံပြီး နေ့တိုင်းတူးဆွဖယ်ရှားရာက တစ်နေ့မှာတော့ ပေါက်ချွန်းနဲ့အားစိုက်ပေါက်လိုက်ချိန်မှာ မြေကြီးထဲက 'ချွင်'ကနဲ အသံတစ်သံထွက်ပေါ်လာလေတယ်။

"ဟာ...ဒါ ကျောက်ဖြုန်းတွေကို ထိခတ်မိတဲ့အသံမဟုတ်ပါလား၊ မြေကြီးထဲမှာ တစ်ခုခုရှိနေသလိုပဲ"

မောင်ငယ်ဟာ စိတ်ဝင်စားသွားပြီး ခပ်ဖွဖွဆက်တူးဆွရာ မြေကြီးထဲက ကြွေအိုးတစ်လုံးရဲ့ထိပ်ဝကိုတွေ့ရှိရလေတယ်။ ဒါနဲ့ပဲ ဆက်လက်တူးဖော်တဲ့အခါ ကြွေအိုးကြီးတစ်လုံးကို တူးဖော်ရရှိတော့တယ်။

"အင်း..ရှေးဟောင်းကြွေအိုးကြီးလားမသိဘူး"

မောင်ငယ်ဟာ ကြွေအိုးကြီးမှာကပ်ငြိနေတဲ့ ဖုန်တွေ၊ သဲတွေကို ခြစ်ထုတ်လိုက်ပြီးနောက် သူ့ရဲ့တဲအိမ်ထဲကို ယူဆောင်သွားတော့တယ်။

သူဟာ ပန်းကနုတ်တွေနဲ့လှပနေတဲ့ ကြွေအိုးကြီးကို မြေစိုက်တဲအိမ်ရဲ့ထောင့်တစ်နေရာမှာချထားလိုက်ပြီး ခဏထိုင်နားလိုက်တယ်တဲ့။

အဲဒီအချိန်မှာ သူမွေးထားတဲ့ကြက်တစ်ကောင်ဟာ ကြွေအိုးကြီးရဲ့နှုတ်ခမ်းအဝပေါ် ခုန်တက်လိုက်ရာက အားလွန်ပြီး ကြွေအိုးကြီးထဲပြုတ်ကျသွားတော့တယ်။

ခဏချင်းမှာပဲ ကြွေအိုးကြီးထဲက အတောင်ပံခတ်သံတွေ တဖျပ်ဖျပ်ထွက်ပေါ်လာပြီးတဲ့နောက် ကြက်တွေတစ်ကောင်ပြီးတစ်ကောင် အိုးကြီးထဲက ခုန်ပျံထွက်လာတော့သတဲ့။

"ဟင်...ဘယ်...ဘယ်လိုဖြစ်တာပါလိမ့်၊ ကြက်တစ်ကောင်ကနေ ဆယ်ကောင်ဖြစ်သွားပါလား"

မောင်ငယ်ဟာ မယုံနိုင်လောက်အောင် တအံ့တသြဖြစ်သွားရသတဲ့။

"အင်း...ဧကန္တ ဒီကြွေအိုးကြီးဟာ သာမန်ကြွေအိုးမဖြစ်နိုင်ဘူး၊ ထူးဆန်းတဲ့မှော်ဝင်ကြွေအိုးကြီးနဲ့တူတယ်၊ သေချာအောင်စမ်းသပ်ကြည့်အုံးမှ"



**"နေပါအုံး မင်းက ငွေဒင်္ဂါးပြားတစ်သောင်းထက် ပိုမက်နေရအောင် အဲဒီကြွေအိုးကြီးထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ရတနာတစ်ခုခု ရှိနေလို့လား"**

ဒီလိုနဲ့ မောင်ငယ်ဟာ ကြွေအိုးကြီးထဲကို ကြက်ဥတစ်လုံးထည့်ကြည့်လိုက်တဲ့အခါ ကြက်ဥတစ်လုံးကနေ ဆယ်လုံးဖြစ်သွားတာကို တွေ့ရလေသတဲ့။ ငွေအကြွေစေ့လေးကို ကြွေအိုးကြီးထဲ ထည့်လိုက်တဲ့အခါမှလည်း ငွေအကြွေစေ့တစ်စေ့ကနေ ဆယ်စေ့ဖြစ်လာသတဲ့။

"ဟာ...ဟုတ်ပြီ၊ ဒီအတိုင်းဆိုငါ ကြီးပွားချမ်းသာအောင်လုပ်လို့ရပြီ၊ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ"

အဲဒါနဲ့ မောင်ငယ်ဟာ ကြက်တွေနဲ့ ကြက်ဥတွေကို ကြွေအိုးကြီးရဲ့တန်ခိုးနဲ့ ဆယ်ဆတိုးပွားအောင်လုပ်ပြီး ရရှိလာတဲ့ ကြက်တွေ၊ ကြက်ဥတွေကို ဈေးမှာသွားရောင်းတော့တယ်။

ရောင်းချလို့ရလာတဲ့ ငွေအသပြာတွေကို မှော်ဝင်ကြွေအိုးကြီးထဲထည့်ပြီး ဆယ်ဆတိုးပွားအောင်လုပ်တော့သတဲ့။

အဲဒီလိုနည်းနဲ့ မောင်ငယ်ဟာ ငွေတွေအများကြီးရရှိလာတဲ့အခါ လယ်ယာမြေကောင်းတွေအများကြီးဝယ်ပြီး လယ်သူရင်းငှား လယ်လုပ်သားတွေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ကြီးလုပ်ဆောင်လာနိုင်တဲ့အပြင် အိမ်ကြီးအိမ်ကောင်းဆောက်လုပ်နေထိုင်လာနိုင်တော့တယ်။

အဲဒီအခါ မောင်ကြီးဟာ သူ့ညီ လအနည်းငယ်အတွင်းမှာ ကြီးပွားတိုးတက်သွားတာကို အံ့သြမဆုံးဖြစ်နေပြီး မနာလိုလည်းဖြစ်လာသတဲ့လေ။

"မောင်ငယ်... ဘယ်လိုကနေ ဘယ်လိုကြီးပွားသွားပါလိမ့်၊ ငါက အမွေခွဲပေးလိုက်တဲ့လယ်မြေတွေက သုံးစားမရတဲ့ဟာကို ဒီကောင် ဘယ်လိုထွန်ယက်စိုက်ပျိုးပြီး ကြီးပွားသွားပါလိမ့်၊ မဟုတ်မှလွဲရော သူ့မှာ ငါမသိသေးတဲ့ လျှို့ဝှက်ချက်ရှိရမယ်၊ အဲဒီလျှို့ဝှက်ချက်ကိုသိရအောင် ငါမရ ရအောင် စုံစမ်းရမယ်၊ သင်းကိုမေးရင်လဲ ပြောမှာမဟုတ်ဘူး၊ သင်းကို ဖုန်းဆိုးမြေခွဲပေးလိုက်ကတည်းက သင်းက ငါ့အပေါ်မှာနာကျည်းနေတာ၊ ငါ့ဘာသာပဲ သိအောင်လုပ်ရမယ်"

ဒီလိုနဲ့ တစ်ညမှာတော့ မောင်ကြီးဟာ မောင်ငယ်ရဲ့အိမ်ဆီ ခိုးကြောင်ခိုးဝှက်သွားပြီး ပြတင်းပေါက်တစ်ခုကနေ အိမ်ထဲကို ချောင်းမြောင်းကြည့်တော့သတဲ့။

အဲဒီအချိန်မှာ မောင်ငယ်ဟာ မှော်ဝင်ကြွေအိုးကြီးထဲ ငွေဒင်္ဂါးဆယ်ပြားထည့်လိုက်ပြီးတိုင်း ကြွေအိုးကြီးထဲကနေ ငွေဒင်္ဂါးအပြားတစ်ရာထုတ်ယူရရှိနေတာကို မှန်အိမ်မီးရောင်ကြောင့် မောင်ကြီးတွေ့သွားတော့တယ်။

"ဟာ...သင်းက ဒီလိုနည်းနဲ့ ကြီးပွားနေတာပါလား၊ ဧကန္တ အဲဒီကြွေအိုးကြီးဟာ မှော်တန်ခိုးအစွမ်းရှိတဲ့ ကြွေအိုးကြီးပဲဖြစ်ရမယ်၊ ဒီကောင် အဲဒီအိုးကြီးကို ဘယ်ကနေဘယ်လိုရထားပါလိမ့်၊ အို...ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကြွေအိုးကြီးကို ငါရယူနိုင်ရင် ဒီကောင့်ထက်ကြီးပွားချမ်းသာအောင်လုပ်နိုင်မှာအမှန်ပဲ၊ ဟုတ်ပြီ၊ အဲဒီမှော်ဝင်ကြွေအိုးကြီးကို ငါ ရအောင်လုပ်ရမယ်"

ဒါပေမဲ့ မောင်ငယ့်မှာ အခြွေအရံသူရင်းငှားတွေရှိနေတာမို့ သူတစ်ယောက်တည်းအစွမ်းနဲ့ ကြွေအိုးကြီးကို အပိုင်စီးရယူဖို့မဖြစ်နိုင်တာမို့ သူ့ရဲ့ငယ်သူငယ်ချင်းဖြစ်ဖူးတဲ့ ဓားပြကြီးမိုးသီးကို အကူအညီသွားတောင်းတော့တယ်။

"မိုးသီးရေ...မောင်ငယ်ကတော့ ငါ့အပေါ်ယုတ်မာထားတယ်ကွ၊ ငါပါအမွေဆိုင်တဲ့ဘိုးဘွား အမွေ

ရှေးဟောင်းကြွေအိုးကြီးတစ်လုံးကို ငါမသိအောင် ငါတို့အဖေမသေခင်က အဲဒီကောင်အပိုင်စီးထားခဲ့တယ်၊ အဲဒီကြွေအိုးကြီးကို ငါနဲ့အတူ ဓားပြတိုက်ပြီးရယူပေးကွာ၊ အဲဒီကြွေအိုးကြီး ငါရခဲ့ရင် ရက်သတ္တပတ်အတွင်း မင်းကို အသပြာတစ်ထောင်ပေးမယ်”

မောင်ကြီးဟာ အဲဒီလို ဓားပြကြီးမိုးသီးကို လိမ်ညာစည်းရုံးပြီး တစ်ညမှာတော့ ရုပ်ဖျက်ကာ ဓားကိုယ်စီနဲ့ မောင်ငယ်ရဲ့အိမ်ကိုဝင်စီးတော့တယ်။

“ဟေ့…တစ်ယောက်မှမလှုပ်နဲ့ မိုးသီးတဲ့ကွ၊ ခုခံလို့ကတော့ သေပြီသာမှတ်”

မိုးသီးဟာ နာမည်ကြီးဓားပြကြီးမို့ သူရင်းငှားတွေဟာ ထိတ်လန့်ကုန်ကြလေတယ်။ ဒါပေမဲ့ မောင်ငယ်ကတော့ ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်တယ်တဲ့။

“သင်တို့လိုချင်တာယူနိုင်ပါတယ်၊ လူတွေကိုတော့ ရန်မရှာစေချင်ဘူး”

“အေး…ငါတို့ကလည်း ဘာမှမလိုချင်ဘူး၊ ဟောဟိုကကြွေအိုးကြီးကိုပဲ လိုချင်လို့လာတာ”

မောင်ငယ်ဟာ ဓားပြကြီးမိုးသီးရဲ့စကားကြောင့် အံ့အားသင့်သွားတော့တယ်။

“ဗျာ…အဲဒီကြွေအိုးကြီးတော့ မလုပ်ပါနဲ့ဗျာ၊ ဘာမှတန်ဖိုးမရှိပါဘူး၊ ကျုပ်မှာရှိတဲ့ ငွေဒင်္ဂါးပြားတစ်သောင်းပေးလိုက်ပါ့မယ်”

“မလိုချင်ဘူး…မလိုချင်ဘူး၊ ကြွေအိုးကြီးပဲယူမယ်”

ခေါင်းစွပ်အနက်ရောင်ကြီးစွပ်ထားတဲ့မောင်ကြီးဟာ အသံဖျက်ပြောလိုက်တဲ့အခါ ဓားပြကြီးမိုးသီးဟာ အံ့ဩသွားသလို သံသယလည်းဝင်သွားတော့တယ်။

“နေပါအုံး မင်းက ငွေဒင်္ဂါးပြားတစ်သောင်းထက် ပိုမက်နေရအောင် အဲဒီကြွေအိုးကြီးထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ရတနာတစ်ခုခုရှိနေလို့လား”

ဓားပြကြီးမိုးသီးက ပြောပြောဆိုဆို ကြွေအိုးကြီးဆီလျှောက်သွားပြီး အိုးအတွင်းပိုင်းကိုငုံ့ကြည့်ကာ အိုးအောက်ခြေနားအထိ လက်နဲ့လိုက်စမ်း လိုက်ရာက အားလွန်ပြီး အိုးကြီးထဲ ဇောက်ထိုးကျသွားတော့သတဲ့ကွယ်။

အဲဒီနောက် ချက်ချင်းဆိုသလိုပဲ ကြွေအိုးကြီးထဲကနေ ဓားပြမိုးသီးဆယ်ယောက်ဟာ တစ်ယောက်ပြီးတစ်ယောက်ထွက်လာကြပြီး သူက ဓားပြမိုးသီးအတုငါကမှ အစစ်ရယ်လို့ ငြင်းခုန်ကြရာက ဒေါသတကြီးနဲ့ သူတို့ချင်းထိုးခုတ်သတ်ဖြတ်ကြတော့သတဲ့။

အဲဒီမှာတင် ဓားချင်းပြင်းထန်စွာခတ်မိပြီး လွင့်ထွက်လာတဲ့ ဓားတစ်လက်ဟာ မောင်ကြီးရဲ့ရင်ဝကို စိုက်ဝင်သွားတဲ့အတွက် မောင်ကြီးဟာ နေရာမှာတင် အသက်သေဆုံးသွားတော့တယ်တဲ့။

ဓားပြမိုးသီးတွေဟာလည်း အချင်းချင်းထိုးခုတ်သတ်ဖြတ်ကြရင်းက သွေးသံရဲရဲနဲ့ အားလုံးသေဆုံးကုန်ကြတော့သတဲ့။

အဲဒီအခါ မောင်ငယ်ဟာ အင်မတန်ထိတ်လန့်သွားပြီး…

“ဒီမှော်ဝင်ကြွေအိုးကြီးသာ မကောင်းတဲ့ လူတွေရဲ့လက်ထဲ ရောက်သွားရင် အင်မတန်အန္တရာယ်ကြီးမားမှာပါလား၊ မဖြစ်ဘူး ဒီကြွေအိုးကြီးရှိနေရင် လောကကို အန္တရာယ်ပေးလိမ့်မယ်”လို့ပြောကာ ကြွေအိုးကြီးကို ရိုက်ခွဲပစ်လိုက်တော့သတဲ့ကွယ်။

မောင်ငယ်ဟာ မောင်ကြီးရဲ့ ခေါင်းက ခေါင်းစွပ်အနက်ကြီးကို ဆွဲချွတ်ကြည့်လိုက်တဲ့အခါ သူ့အစ်ကိုဖြစ်နေတာတွေ့ရတဲ့အတွက် စိတ်မကောင်းဖြစ်သွားရလေသတဲ့။


“သြော်…လောဘများ တယ်ကြောက်စရာကောင်းပါလား၊ ငါ့အစ်ကိုဟာ မှော်ဝင်ကြွေအိုးကြီးရဲ့ အကြောင်း တစ်နည်းနည်းနဲ့သိသွားပြီး အခုလိုအကောက်ကြံခဲ့တာပဲကိုး”

အဲဒီနောက်မှာတော့ မောင်ငယ်ဟာ သူ့ရဲ့လုံ့လဝီရိယနဲ့ လုပ်အားကိုသာအားကိုးပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ကြိုးစားလုပ်ကိုင်ရင်း ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားတော့သတဲ့ကွယ်။ ။

**မြရတီ(ဒဿနိက)**


မြွေပါလည်းဆုံး၊ သားလည်းဆုံး
ဇာတ်လမ်း ခင်နဒီ
သရုပ်ဖော် အောင်အောင်ထွေး
Not only the mongoose but also the son was lost
Story: Khin Nadi
Illustration: Aung Aung Htwe
Tr: BMK
တစ်ခါတုန်းကတောစပ်ရွာလေး
တစ်ရွာမှာခဝါသည်လင်မယား
ရှိတယ်။
Once upon a time, there was a couple of launderers in a village at the edge of the forest.
တစ်နေ့ကျတော့ သူတို့လင်မယားတောထဲကိုသွားရင်းမြွေပါလေး
တစ်ကောင်ကိုတွေ့တယ်
One day, when the couple went into the forest, they found a mongoose.
ဟာ...မြွေပါလေး
တစ်ကောင်ပါလား။
"Ha! There is a little mongoose."


ကျွန်မတို့အိမ်ကိုခေါ်သွားပြီး မွေးထားရအောင်...
"I will take it and raise it in my house."
ကောင်းတာပေါ့ရှင်မရယ်...
"Good, my wife."
ခဝါသည်လင်မယားက မြွေပါလေး ကိုအိမ်ခေါ်လာပြီးမွေးထားတယ်။
The couple of launderers took the mongoose to their house and raised it.
ခဝါသည်လင်မယားမှာအခါလည် သားကလေးတစ်ယောက်ရှိတယ်။
The couple had a son who was about one years old.


ဒါသည်လင်မယားမြစ်ကမ်းဆိပ်သွားပြီးအဝတ်တွေလျှော်ဖွပ်တဲ့
အခါမျိုးမှာမြွေပါလေးက ကလေးကိုကြည့်ရှုစောင့်ရှောက်ပေးတယ်။
When the couple went to the river port and washed the clothes, the mongoose looked after the child.
မြွေပါလေးနဲ့ ကလေးဟာ
ကစားဖော်ကစားဖက်သူငယ်ချင်း
တွေဖြစ်လာတယ်။
The mongoose and the child became playmates.
တစ်နေ့မှာ...
One day,
ငါတို့မြစ်ဆိပ်သွားပြီးအဝတ်
လျှော်ရအုံးမယ်၊ မင်းက ကလေးကို
ကြည့်ထားနော်။
"We were going to go the river port and wash the clothes. You look after the child."


ခါသည် လင်မယားမြစ်ဆိပ်သွားချိန်မှာ မြွေပါလေးလဲ ကလေးလေးကို ကြည့်ရှုပြီး အိမ်စောင့်နေတယ်။
While the couple went to the river port, the mongoose looked after the child and guarded the house.
အဲဒီအချိန်မှာပဲ အိမ်ထဲကို မြွေဟောက်ကြီးတစ်ကောင်ရောက် လာတယ်။
At that time, a cobra entered the house.
မြွေဟောက်ကြီးကိုမြင်တော့ မြွေပါလေးက...
When the mongoose saw the cobra,
ဟေ့ကောင်... အိမ်ထဲကို မလာနဲ့...
"Hey!, guy, don't enter the house."


"I want to drink a little water."
"After drinking water, you must go back."
"Yes"
The thirsty cobra entered the house and drank water.
When the child saw the cobra drink water, he tapped the cobra on the head.


ဦးခေါင်းနာသွားတဲ့မြွေဟောက်ဟာ ဒေါသထွက်လာပြီးကလေးကိုပေါက်လိုက်တယ်။
The cobra was angry and bit the child.
ကလေးဟာမြွေဆိပ်သင့်ပြီး သေဆုံးသွားတော့တယ်။
The child was dead because of poison.
ဟ...
"Ha!"
ခဝါသည်လင်မယားအိမ်ပြန်ရောက်လာတော့သူတို့ကလေး သေဆုံးနေတာကိုတွေ့လိုက်ရတယ်။
When the couple of launderers came back, they found that their child was already dead.
သားလေး
"My son!"
ဟင်...ဖြစ်ရလေ သားလေးရယ်...
"You're unlucky, my son."



မြွေပါလေးမှာလဲ သွေးများပေကျံနေတာကိုတွေ့လိုက်တော့...
When they found that the mongoose was stained with the blood,
ဟုတ်ပါပြီ တောက်
"It must be like that.Taut!"
ဇနီးသည်လင်မယားဟာအထင်လွဲပြီးတော့မြွေပါလေးကိုရိုက်သတ်လိုက်တော့တယ်။
The couple misunderstood and beat the mongoose and killed it.
ကဲဗျာ...
"Take it!"
ဒုန်း
မြွေပါလေးသေပြီးတော့မှ သူတို့ဟာအနားကမြွေဟောက်သေကိုတွေ့ပြီး...
When the mongoose died and they found the dead cobra,
ဟာ... မှားပြီ
"Ha! we made a mistake."


အဲဒီတော့မှ အဖြစ်မှန်ကို သဘောပေါက်သွားတယ်။
Then, they realized the truth.
ဟင်... မြွေပါလေးက မြွေဟောက်ကို ကိုက်သတ်ထားတာကိုး...
"Hum! the mongoose killed the cobra!"
သွားပြီ။ ငါတို့တော့ သားလေးဆုံးရှုံးသလို မြွေပါလေးကိုလဲ ဆုံးရှုံးလိုက်ရပြီ။
"I've lost not only my child but also the mongoose."
အဲဒီအချိန်ကစပြီး မြွေပါလည်းဆုံး၊ သားလည်းဆုံးဆိုတဲ့ စကားပုံ ပေါ်ပေါက်လာတာပဲ ဖြစ်တယ်ကွဲ့။
From that day, a proverb: "Not only the mongoose but also the son was lost."
ပြီး

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆။